# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၇၅)၊ ၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၂ ရက် ၊ ၈–၉–၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့် စည်ကား

**ညောင်ဦး စက်တင်ဘာ ၇**



မြန်မာပြည်အရပ်ရပ်မှ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရုံးပိတ်ရက်များတွင် ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း ရွှေစည်းခုံဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ရုံးပိတ်ရက်များတွင် ဘုရားဖူးလာရောက်သူများပြားလျက်ရှိရာ သမိုင်းအထင်ကရဘုရားများဖြစ်သည့် တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ရွှေစည်းခုံစေတီ၊ အာနန္ဒာဘုရား၊ ထီးလိုမင်းလိုဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ သဗ္ဗညုဘုရား၊ ငှက်ပစ်တောင်ဘုရား၊ မဟာဗောဓိဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ပြဿဒ်ကြီးဘုရား၊ ဓမ္မရာဇကဘုရား၊ ရွှေဆံတော်စေတီ၊ မနုဟာဘုရား၊ မြစေတီဘုရားများတွင်သာ ဘုရားဖူးလာရောက်သူများပြားသည်သာ မကဘဲ ရှင်အရဟံဂေါဏဘုရား၊ ဝိနည်းမိုလ်ဘုရား၊ နရသီဟပတေ့ဘုရား၊ လေးမျက်နှာ ဆုတောင်းပြည့်ဘုရား၊ ဆင်ဖြူရှင်အုတ်ကျောင်းတိုက်၊ ရှင်မနားဘုရားစု၊ ဆူးလေ ကုန်းဘုရားစု၊ ခေမင်္ဂဘုရားစု၊ ဝတ္တနထောဘုရားစု၊ သစ္စာမဏ္ဍိုင်ဘုရား၊ တာမဏီဆုတောင်းပြည့်ဘုရား၊ မလုံးဖြစ်၊ မလာဖြစ်ဘုရားတို့တွင်လည်း ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိနေကြောင်း သိရသည်။ ဘုရားဖူးလာရောက်သူများသည် မြင်းလှည်းစီးခြင်း၊ လက်အလှပန်းချီဆွဲခြင်း၊ ရိုးရာသနပ်ခါးလိမ်းခြယ်ကြခြင်း၊ ပုဂံဒေသထွက် တူညီဝတ်စုံများဝတ်၍ ဘုရားဖူးထွက်ကြခြင်းများကြောင့် အီးဗိုက်အငှားလိုက်သူများ၊ မီနီအိုးဝေအငှားလိုက်သူများ၊ ဆိုင်ကားအငှားလိုင်သူများ၊ စားသောက်ဆိုင်များ ဝင်ငွေ တွက်ခြေကိုက်လျက်ရှိပြီး ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများလည်း တည်းခိုသူများပြားလျက်ရှိနေကာ ရုံးပိတ်ရက်များတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **ဒီပါလင်း**

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၇**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/ဇလ**

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ တနင်္လာနေ့။

မန္တလေး

## ငလျင်ကာလအလွန် အဆောက်အအုံများ ပြန်လည်ပြုပြင် အသုံးပြုအသစ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်ခတ်ခဲ့သည်မှာ ငါးလကျော်ကာလအထိ ရောက်ရှိပြီဖြစ်၍ ငလျင်ကြောင့် ပျက်စီးခဲ့ရသောရုံးနှင့် လူနေအဆောက်အအုံများကို အပြာရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်နှင့် အနီရောင်အဆင့်အဖြစ် ခွဲခြားသတ်မှတ်၍ ပြုပြင်ပေးနေခြင်းအား အမြန်ပြီးစီးစေရေး တာဝန်ရှိသူများက ပိုင်းဝန်းကြပ်မတ် ဆောင်ရွက်ကြစေလိုကြောင်း၊ ခန့်မှန်းခြေစာရင်းများကိုလည်း အမြန်တွက်ချက်၍ ပေးပို့တင်ပြစေလိုပါကြောင်း၊ သို့မှသာ စိစစ်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ရန်ပုံငွေများ ဆက်လက်တင်ပြတောင်းခံနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းအိမ်ရာ ၅၂ လုံးကို အသစ်စတင်တည်ဆောက်လျက်ရှိပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့် အရည်အသွေးမီရေး စနစ်တကျဆောင်ရွက်ရန်လိုပါကြောင်း အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁၁)အစည်းအဝေးခန်းမ၌ ကျင်းပသည့် အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှု ကော်မတီ၏ (၁/၂၀၂၅) အစည်းအဝေး၌ ပြောကြားခဲ့သည်။ နည်းပညာအကူအညီပေးရေးနှင့် စစ်ဆေးရေးအဖွဲ့များတွင် အင်ဂျင်နီယာအသင်းအဖွဲ့များမှ ပညာရှင်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကျွမ်းကျင်အင်ဂျင်နီယာများနှင့်အတူ ပျက်စီးမှုများအလိုက် ပြန်လည်ပြင်ဆင်နိုင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့်လည်း နိုင်ငံပိုင်ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများနှင့် သာသနိကအဆောက်အအုံများ စနစ်တကျပြုပြင်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် နိုင်ငံပိုင်အဆောက်အအုံများအား ဖျက်သိမ်းခြင်းနှင့်စာရင်းမှ ပယ်ဖျက်ခြင်းဆိုင်ရာ ညွှန်ကြားချက်(၂/၂၀၂၅)အရ ဖျက်သိမ်းရမည့် နိုင်ငံပိုင်အဆောက် အအုံများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်နိုင်ရေးသက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက မြန်မြန်ဆန်ဆန် စုစည်းတင်ပြပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက ငလျင်ကာလအလွန် အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ငလျင်ကော်မတီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌတို့က ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ ပြည်သူများအတွက် ပိုမိုကောင်းမွန်သော လူမှုပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ပြန်လည်ပြုပြင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့် (Standard Operating Procedure - SOP)နှင့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ-၂၀၂၅(MNBC-2025)သည် အဆောက်အအုံများ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးပညာရေးဒီဂရီကောလိပ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အားကစားပြိုင်ပွဲများမှ ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ



**မန္တလေး စက်တင်ဘာ ၇**

မန္တလေးပညာရေးဒီဂရီကောလိပ် ၂၀၂၄-၂၀၂၅ပညာသင်နှစ် အားကစားပြိုင်ပွဲများမှ ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ ၇ ရက် ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူး အားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများမှ တိုင်းဦးစီးမှူးများ၊ မန္တလေးပညာရေးဒီဂရီကောလိပ်မှ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခများနှင့်တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ မန္တလေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ဝင်းသီဂီကျော်က အဖွင့်အမှာစကားပြောကြားပြီးနောက် ကျောင်းသား၊ ကျောင်းသူများ၏ Fitness Dance ဖျော်ဖြေတင်ဆက်မှု၊ ကျောင်းသားများ၏ မြန်မာ့ရိုးရာခြင်းအလှခတ်ကစားပြသမှုများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

၎င်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မန္တလေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး၊ ပါမောက္ခများနှင့် တာဝန်ရှိသူများက အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အသင်းများမှ ကျောင်းသား၊ ကျောင်းသူများအား ဆုများ အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

## မတ္တရာမြို့နယ်၌ စည်းလုံးညီညွတ်မှုဖလား U-17 နှင့် U-13 ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**မတ္တရာ စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် မတ္တရာမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူးကျင်းပသော မတ္တရာမြို့နယ် စည်းလုံးညီညွတ်မှုဖလား U-17 နှင့် U-13 ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၈ နာရီက မတ္တရာမြို့ အမှတ်(၅)ရပ်ကွက်ရှိ အ.ထ.က (စလွန်ဖြူ)ဘောလုံးကွင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

မြို့နယ်စည်းလုံးညီညွတ်မှုဖလား U-13 ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရေနား(၁)အုပ်စုအသင်းနှင့် မြို့မ(၁) အုပ်စုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရေနား(၁)အုပ်စုအသင်းမှ ၆ ဂိုး ၁ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။ ဆက်လက်၍ U-17 ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် စလွန်ဖြူ(က)အသင်းနှင့် လွန်တောင်းအုပ်စု ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေရလဒ်ထွက် ပေါ်နေသည့်အတွက် ပင်နယ်တီအဆုံးအဖြတ်ဖြင့် ကန်သွင်းကြရာ အ.ထ.က(စလွန်ဖြူ)(က)အသင်းမှ ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ရှေးဦးစွာ ခေတ္တမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူး သန်းဝင်းအောင်က အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ ခေတ္တမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်း၊ ခေတ္တမြို့နယ်ပညာရေးမှူး ဒေါ်နွယ်နွယ်အောင်နှင့် တာဝန်ရှိသူများက နှစ်သိမ့်ဆုရ အသင်းများအား ငွေကျပ် တစ်သိန်းစီနှင့် ဘောလုံး တစ်လုံးစီ၊ အကောင်းဆုံးဆုရ အားကစားသမားများအား ဆုငွေများ၊ ဆုတံဆိပ်များ ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ U-17 နှင့် U-13 ပြိုင်ပွဲမှ ပထမဆုရအသင်းများအား ဆုငွေ ၈၅၀၀၀၀ ကျပ်စီ၊ ဆုတံဆိပ်များနှင့် ဆုဖလားများ၊ ဒုတိယဆုရအသင်းများအား ဆုငွေ ၇၅၀၀၀၀ ကျပ်စီနှင့် ဆုတံဆိပ်များ၊ တတိယဆုရ အသင်းများအား ဆုငွေ ၆၅၀၀၀၀ ကျပ်စီနှင့် ဆုတံဆိပ်များ၊ စတုတ္ထဆုရအသင်းများအား ဆုငွေ ၅၅၀၀၀၀ ကျပ်စီနှင့် ဆုတံဆိပ်များ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## အမရပူရမြို့နယ်၌ ရေဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်

**အမရပူရ စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် သဘာဝရေလျှံကွင်းများတွင် ငါးသယံဇာတ ပေါများစေရန် စဉ်ဆက်မပြတ် ငါးသုံးစွဲနိုင်စေရန် ရေလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ချက်များဖြင့် ရွှေကြက်ယက်ကျေးရွာအုပ်စု၊ ပန်းခြံ(၆)အနီး ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက် ၈ နာရီအချိန်က ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် အမရပူရခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်တာဝန်ခံဦးဌေးမင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ အဖွဲ့ဝင်(၁)ဗိုလ်မှူးကျော်တေဇနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုစုပေါင်း (၄၅)ဦးခန့် တက်ရောက်ခဲ့ကြပြီး ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၄ သိန်းခွဲ၊ ထိုင်းငါးခုံးမကြီးငါးသားပေါက်ကောင်ရေ တစ်သိန်းခွဲနှင့် ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၇ သိန်းကို စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ငါးသားပေါက်များကို သရက်ကုန်းငါးစခန်းနှင့် နတ်ရေကန်ငါးစခန်းမှ ရရှိကြောင်း အမရပူရမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**(၀၈၄)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ အားကစားကွင်း၊ အားကစားရုံများနှင့် ဟိုတယ်လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာခရိုင် အားကစားကွင်း၌ ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးရေးနှင့် သတ်မှတ်အရည်အသွေးပြည့်မီစေရေး စနစ်တကျ စိစစ်ကြပ်မတ်စစ်ဆေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မိတ္ထီလာကန်ပေါင်ရှိ ကရဝိက်ကန်ပေါင်တံတားထိပ်၊ ရုပ်တော်မူဘုရားရှေ့၊ မိတ္ထီလာကန် View Point နှင့် ဝန်ဇင်းကန်ပေါင် မြောက်ဘက်ထိပ်နေရာများ၌ အများပြည်သူ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ လာရောက်လေ့ကျင့်ကစားနိုင်စေရေးအတွက် Outdoor Fitness များ တပ်ဆင်ဆောင်ရွက်ထားရှိမှု (အပေါ်ပုံ) ကိုလည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးခရိုင်ရှိ ကလောမြို့နယ် အားကစားကွင်း၌ အသက် ၁၇ နှစ်အောက် ကျောင်းပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ တောင်ကြီးမြို့ ရွှေညောင်မြို့နယ်ရှိ မြို့နယ်အားကစားကွင်း၌ နှစ်ထပ်ပွဲကြည့်စင်နှင့် ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် မိတ္ထီလာမြို့ရှိ နိုင်ငံပိုင်ငှားရမ်းထားသော ဟိုတယ်များ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဟိုတယ်များအနေဖြင့် ဟိုတယ်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရေးနှင့် ဝန်ဆောင်မှုအဆင့်တန်းမြင့်မားရေး ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နောင်ချိုမြို့နယ်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် အသက် ၁၅ နှစ်အောက်ကလေးများအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်ပေးလျက်ရှိ



နောင်ချို စက်တင်ဘာ ၇

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှု တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၂၄ ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများက နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကွင်းဆင်းပြီး ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့်ဆောင်ရွက်ရန်အတွက် Big Catch-up၊ Routine Catch-up နည်းလမ်းများဖြင့် အမီလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ၊ အသက် ၁၅ နှစ်အောက်ကလေးများအား လိုအပ်သောကာကွယ်ဆေးများအား အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများ (Special Immunization Activities)၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ဖြစ်ပွားချိန်တွင် တုံ့ပြန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများ (Outbreak Response Immunization) စသည့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကို ကလေးတိုင်းဆီရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၆ ရက်အထိ နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများက နောင်ချိုမြို့ပေါ်နှင့် ကျေးရွာများရှိ ကျောင်းပေါင်း ၇၆ ကျောင်းနှင့် ကျောင်းသားပေါင်း ၁၂၁၇၈ ဦးအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး မြို့ပေါ်နှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၂၄၁၉ ဦးအား လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းအား ပြန်လည်အားဖြည့်ဆောင်ရွက်လျက်ရှိပြီး အသက်ငါးနှစ်အောက် ကလေးငယ်များအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုး ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေး (အစက်ချဆေး၊ ထိုးဆေး) တို့ကိုလည်းကောင်း၊ အသက်ငါးနှစ်မှ ခုနစ်နှစ်အရွယ် ကလေးများအား ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေး (အစက်ချဆေး)တို့ကိုလည်းကောင်း၊ အသက်ခုနစ်နှစ်မှ ၁၅ နှစ်အရွယ်ကလေးများအား မေးခိုင်-ဆုံဆို့ရောဂါကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးတို့ကိုလည်းကောင်း ထိုးနှံတိုက်ကျွေးပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ကလေးစုစုပေါင်း ၁၂၀၉၇ ဦးအား လိုအပ်သောကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးနိုင်ခဲ့သည်။

ထို့အတူ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၀ ရက်မှစ၍နောင်ချိုမြို့ "မြနန်းတော်ဝင်" မင်္ဂလာခန်းမ၌ ယာယီဆေးရုံ ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂ ရက် နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်ပြီး လူနာများအား လက်ခံကုသပေးခြင်းနှင့် အရေးပေါ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများ လာရောက်ကုသမှုခံယူလျက်ရှိကာ ဇူလိုင် ၂၀ ရက်မှ စက်တင်ဘာ ၆ ရက်အထိ နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံတွင် ပြင်ပလူနာ ၃၄၅၀ နှင့် အတွင်းလူနာ ၃၇၈ ဦးအား လိုအပ်သော ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းမြို့ ရွှေမင်းဝံဈေး မြန်မာ-တရုတ် ချစ်ကြည်ရေးဈေးရုံ ရတနာပန္နက်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနား ကျင်းပ

မုံရွာ စက်တင်ဘာ ၇

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် မြန်မာတရုတ်ကုမ္ပဏီများအသင်းတို့ ပူးပေါင်းလှူဒါန်း၍ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ ကူညီဆောင်ရွက်သည့် စစ်ကိုင်းမြို့ ရွှေမင်းဝံဈေး မြန်မာ-တရုတ်ချစ်ကြည်ရေးဈေးရုံ ရတနာပန္နက်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဈေးရုံ တည်ဆောက်မည့်မြေနေရာ၌ ကျင်းပသည်။




အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး ယာယီတာဝန်ခံ Ms .Cao Ping၊ မြန်မာတရုတ်ကုမ္ပဏီများအသင်းဥက္ကဋ္ဌ Mr.Liu Ming နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေမင်းဝံဈေး မြန်မာ-တရုတ် ချစ်ကြည်ရေးဈေးရုံ သစ်ဆောက်လုပ်မည့်မြေနေရာရှိ သတ်မှတ်နေရာများတွင် ပန္နက်တင်ခြင်းနှင့် တွင်းတော်ဝန်းမင်္ဂလာကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တရုတ်သံရုံးယာယီတာဝန်ခံနှင့် မြန်မာတရုတ်ကုမ္ပဏီများအသင်းဥက္ကဋ္ဌတို့က ဈေးရုံသစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တရုတ်သံရုံး ယာယီတာဝန်ခံနှင့် မြန်မာတရုတ်ကုမ္ပဏီများအသင်းဥက္ကဋ္ဌထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ပညာရေးတက္ကသိုလ်ရှိမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့်မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ အတွေ့အကြုံ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်း ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်ထံ သုတ/ရသ စာအုပ်စာစောင်များပေးအပ်၍ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက လူငယ်ဖိုရမ်အထိမ်းအမှတ်တံဆိပ်အား တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးက စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ်ထံ စစ်ကိုင်းမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များအတွက် အားကစားပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ သို့ တက်ရောက်ခဲ့သည့် အုပ်ချုပ်သူတစ်ဦးက ဖိုရမ်အတွေ့အကြုံများကို ပြန်လည်ရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများက စစ်ကိုင်းတိုင်းဒေသကြီး သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က သီဆိုကပြခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှု၊ လျှင်လျှပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ စူဠာမဏိကောင်းမှုတော်စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်မွမ်းမံနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




## (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**ကျောက်ပန်းတောင်း စက်တင်ဘာ ၇**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံကြီး၊ ဓာတ်ခွဲခန်းအဆောင်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ကျောက်ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်းနှင့် စခန်းခွဲအသီးသီးတို့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် ၁၂ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ထူးမြတ်နှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။ သွေးလှူဒါန်းနေသူများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင်ဝင်းထွန်း၊ မြို့မစခန်းမှူး ဒုတိယရဲမှူး ကျော်ဇင်ထွေးတို့က ကြည့်ရှုအားပေးကြပြီး သွေးလှူရှင် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား လိုအပ်သည့် အားဖြည့်အာဟာရများနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၄၅၆)**

## မိတ္ထီလာမြို့၌ ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၇

မန္တလေးတိုင်းဒေသကြီးမိတ္ထီလာမြို့၌ (၁၄၂)ကြိမ်မြောက် သမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက ကျင်းပသည်။



အခမ်းအနားတွင် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲ အမျိုးသား အငယ်တန်းပြိုင်ပွဲနှင့် အမျိုးသား အကြီးတန်းပြိုင်ပွဲ ဗိုလ်လုပွဲကို သမိုင်းဝင် ဖောင်တော်ဦးစေတီတော်အနီး မိတ္ထီလာကန်ရေပြင်၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦး၊ တာဝန်ရှိသူများနှင့် ဘုရားပွဲတော်လာသူများက ကြည့်ရှုအားပေးသည်။

ယင်းနောက် အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ ရွှေလှိုင်းဖြူအသင်း၊ ဒုတိယဆုရ ကျော်ဇေယျာဟိန်းအသင်း၊ အမျိုးသားအငယ်တန်း ပြိုင်ပွဲတွင် ပထမဆုရ ကျော်ဇေယျာဟိန်းအသင်း၊ ဒုတိယဆုရ ကံကြီးမောင်အသင်း၊ တတိယဆုရ အလင်းသစ်အသင်း၊ အမျိုးသား အကြီးတန်းပြိုင်ပွဲတွင် ပထမဆုရ ဇာတိသွေးအသင်း၊ ဒုတိယဆုရ စတားမောင်မောင် အသင်းနှင့် တတိယဆုရ ဝါးတန်းအောင်ခန့် အသင်းတို့အား ခရိုင်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက ဆုကလာပ်များ၊ ဆုငွေများနှင့် ဂုဏ်ပြုပစ္စည်း များကိုလည်းကောင်း၊ ပြိုင်ပွဲ ကျင်းပစဉ်ရေပြင်ကူညီကယ်ဆယ် စောင့်ရှောက်ရေးဆောင်ရွက်ပေး ခဲ့သည့် မျိုးဆက်သစ်မြတ်ပါရမီ လူမှုကူညီရေးအသင်းအား ဂုဏ်ပြု ဆုငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရ သည်။ **ချမ်းသာ(မိတ္ထီလာ)**

## (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ခရိုင်အဆင့် အဆို၊ အက၊ အရေး အတီးပြိုင်ပွဲ ကျင်းပ

**သရက် စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီက ခရိုင်ခန်းမတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ယခင်က နှစ်စဉ်ကျင်းပလာခဲ့တာ (၂၅) ကြိမ်ရှိပြီဖြစ်ပြီး ယခုအကြိမ် ကျင်းပမှာကတော့ (၂၆) ကြိမ် ဖြစ်ပါတယ် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများကို ကျင်းပရတဲ့ ရည်ရွယ် ချက်များနှင့်အညီ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု မပပျောက်စေဖို့နဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းတက်သည့် စိတ်ဓာတ်များရရှိစေရန်နှင့် မြန်မာတို့၏ တူရိယာ (၅)မျိုးဖြစ်တဲ့ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်တို့ကို အစဉ်အဆက် ထိန်းသိမ်းတတ်စေရန် မြန်မာ့(၁၂)လရာသီပွဲတော်များ၊ မြန်မာအနုပညာ၊ ဂီတ၊ စာပေတို့ကိုလည်း ရိုးရာဓလေ့စရိုက်မပျက် တိုးတက်စေဖို့ နိုင်ငံသားတိုင်းက ကြိုးစားရမှာ ဖြစ်ပါတယ်လို့ ပြောကြားသည်။

ဆက်လက်၍ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ဆက်လက်ကျင်းပသည်။ ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသည့် ပြိုင်ပွဲဝင်များကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဇော်ထက်(သရက်)**



## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်

နေပြည်တော် စက်တင်ဘာ ၇

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်နေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**




၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြင့်တင်ရန်။

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ယာဉ်သွားလာမှု စနစ်တကျဖြစ်စေရေးနှင့် အန္တရာယ်ကင်းစေရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် သော်တာဝင်းကုမ္ပဏီက တာဝန်ယူ၍ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင်တိုင်(၃၉၁/၂ မှ ၃၉၂/၄) အထိ ပေ ၉၀အကျယ် မြေသားတာပေါင် တိုးချဲ့ခြင်းလုပ်ငန်း၊ ၄၈ ပေအကျယ် AC ခင်းခြင်းလုပ်ငန်း၊ လမ်းပခုံးပြုပြင်ခြင်းလုပ်ငန်းနှင့် Thermoplastic Road Paint ဖြင့် ဆေးလိုင်းဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း(မန္တလေးမှ ရန်ကုန်)လမ်းပိုင်း မိုင်တိုင် (၃၅၈/၄ မှ ၃၆၅/၃)အတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ကွန်ကရစ်လမ်းပိုင်းများ မြေသားလုပ်ငန်းဆောင်ရွက်နေမှုနှင့် ၂၅ ပေအကျယ်၊ တစ်ပေ ဒ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင် (၃၅၈/၁)ရှိ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သော ဒုဋ္ဌဝတီတံတား ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ခံများက လုပ်ငန်းများဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ လုပ်ငန်းခွင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုဋ္ဌဝတီတံတား ပြိုကျသွားခြင်းကြောင့် ရန်ကုန်-မန္တလေးအမြန်လမ်း အသုံးပြုနေသော မော်တော်ယာဉ်များသည် မိုင်တိုင်အမှတ် (၃၅၂) ရှိ စကားအင်းအဝိုင်းမှ ပလိပ်သို့သွားသည့်လမ်းမှတစ်ဆင့်





ရန်ကုန် - တောင်ငူ - မန္တလေးလမ်း (လမ်းဟောင်း) သို့ ကူးပြောင်းသွားလာလျက်ရှိသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးကို ဆက်သွယ်ထားသည့် ဧရာဝတီတံတား(ရတနာပုံ) မန္တလေးဘက်ခြမ်း လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ခံ အင်ဂျင်နီယာက ငလျင်ဒဏ်ခံကြောင့် Lateral Bracing သံပေါင်များနှင့် Pier များ ပျက်စီးခဲ့မှုနှင့် ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဧရာဝတီတံတား(ရတနာပုံ) ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ လျာထားချက်နှင့်အညီ ပြီးစီးရန် လိုအပ်ကြောင်း၊ ထပ်မံလှုပ်ခတ်လျက်ရှိသည့် ငလျင်ငယ်များရှိသည့်အတွက် တံတားကြီးထပ်မံပျက်စီးခြင်းရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးသွားရန်နှင့် ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာအသုံးပြုနိုင်စေရေးအတွက် နေ့စဉ်စောင့်ကြည့်စစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီတင်ပြရန် မှာကြားကာ လုပ်ငန်းခွင်အတွင်း ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဆင်ဟွာသတင်းဌာနနှင့် သုတေသနပညာရှင်များ၏ ဒုတိယကမ္ဘာစစ် ကမ္ဘာ့အရှေ့ခြမ်းစစ်မြေပြင်ဆိုင်ရာ အစီရင်ခံစာထုတ်ပြန်

ပေကျင်း စက်တင်ဘာ ၇

သမိုင်းအား အောက်မေ့သတိရခြင်းနှင့် တရားမျှတမှုကို ကာကွယ်ထိန်းသိမ်းခြင်း၊ ဒုတိယကမ္ဘာစစ်အတွင်း ကမ္ဘာ့အရှေ့ခြမ်းစစ်မြေပြင်တို့၏ အမှန်တရားဆိုင်ရာ ဖော်ထုတ်သည့် အစီရင်ခံစာအား စက်တင်ဘာ ၅ ရက်က ထုတ်ပြန်သည်။




အဆိုပါ အခမ်းအနားကို ပေကျင်းမြို့၌ ကျင်းပခဲ့ပြီး တရုတ်ပြည်သူများ၏ ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သည့် အရေးပါမှုနှင့် အောင်ပွဲထက်သို့ ကူညီပေးမှုများသည် ကမ္ဘာလုံးဆိုင်ရာ ဖက်ဆစ်ဆန့်ကျင်စစ်ပွဲ အောင်ပွဲထက်တွင် အလွန်ကြီးမားသည်ဟု အစီရင်ခံစာအတွင်း ဖော်ပြထားသည်။

## ပြောကြား

အဆိုပါအစီရင်ခံစာကို ဆင်ဟွာသတင်းဌာန လက်အောက်ရှိ ဆင်ဟွာအင်စတီကျုက တရုတ်-အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယင်းအခမ်းအနားတွင် "ဆန့်ကျင်တိုက်ပွဲ၏ စိတ်ဓာတ်သည် လွန်ခဲ့သည့်အချိန်က ကဲ့သို့ပင် ယနေ့အချိန်တွင်ပါ အရေးကြီးနေဆဲဖြစ်ပြီး တရုတ်ပြည်သူတို့အတွက် အလွန်စွဲမြဲနေဆဲဖြစ်သည်" ဟု တရုတ်ကွန်မြူနစ်ပါတီ သမိုင်းနှင့်စာပေဌာန အကြီးတန်း ကျွမ်းကျင်ပညာရှင်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ Qu Qingshan က ပြောကြားသည်။

အခမ်းအနားအတွင်း တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံစသည့် ဒုတိယကမ္ဘာစစ်၏ ကမ္ဘာ့အရှေ့ခြမ်း စစ်မြေပြင်ဖြစ်ခဲ့ရာ နိုင်ငံများနှင့် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများအကြောင်းကိုလည်း ပညာရှင်များက ဆွေးနွေးကြသည်။

ဆင်ဟွာ သတင်းဌာန အကြီးအကဲ Fu Hua က ဒုတိယကမ္ဘာစစ်ပွဲ သမိုင်းဖြစ်ရပ်ကို နားလည်မှုသာ ကမ္ဘာလုံးဆိုင်ရာ ထာဝရငြိမ်းချမ်းရေးအတွက် ပိုမိုလုပ်ဆောင်လာနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။ အခမ်းအနားကို ဆင်ဟွာသတင်းဌာန စာတည်းမှူးချုပ် မစ္စတာ Lyu Yansong က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့အရှေ့ခြမ်းနိုင်ငံများမှ ပညာရှင်များက ဆွေးနွေးကြခြင်းဖြစ်သည်။

ခင်ရတနာ

| ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်)ခြေစစ်ပွဲ အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ဂျော်ဂျီယာ | ၃ | - | ၀ | ဘူလ်ဂေးရီးယား |
| လစ်သူယေးနီးယား | ၂ | - | ၃ | နယ်သာလန် |
| မြောက်မက်ဆီဒိုးနီးယား | ၅ | - | ၀ | လက်ချီစတိန်း |

# စုပေါင်းသန့်ရှင်းရေးဆောင်ရွက်၊ စားအုန်းဆီများ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**ကန့်ဘလူ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်တွင် အပတ်စဉ် စနေနေ့တိုင်း ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာတွင် စက်တင်ဘာ ၆ ရက် နံနက် ၇ နာရီခန့်က ကန့်ဘလူမြို့ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံဝင်းအတွင်း ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။ ထိုသို့ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် ခုတင်(၁၀၀)ဆေးရုံဝင်းအတွင်း အမှိုက်များ၊ ပေါင်းမြက်များ၊ ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်းပြီး ထွက်ရှိလာသော အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမှ အမှိုက်သယ်ယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ခဲ့ကြောင်းနှင့် ရုံးများ၊ အခြေခံပညာကျောင်းများ၊ ပြည်သူ့ဆေးရုံ၊ စေတီပုထိုးများအား သန့်ရှင်းသာယာလှပရေးတို့အတွက် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ခရိုင်စုပေါင်းရုံး၌ ဌာနဆိုင်ရာ ဝန်ထမ်းများအား တစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သားကို ငွေကျပ် ၃၉၀၀ ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

၀-၀-၀-၀-၀

# စာပေနှင့် လူ့ဘဝခရီး

(၂-၉-၂၀၂၅) ရက် စာမျက်နှာ ၁၇ မှအဆက်-

လူသည်လည်း မွေးရာမှလမ်းလျှောက်တတ်သည့်အရွယ်၊ လမ်းလျှောက်တတ်သည့်အရွယ်မှ မူကြိုကျောင်းနေအရွယ်၊ ကျောင်းနေအရွယ်မှ အပျိုဖော်ဝင်စအရွယ်၊ အပျိုဖော်ဝင်စအရွယ်မှ လူလတ်ပိုင်းအရွယ်၊ လူလတ်ပိုင်းအရွယ်မှ လူကြီးအရွယ်၊ လူကြီးအရွယ်မှ အဘိုးအို၊ အဘွားအိုအရွယ်၊ အိုမင်းမစွမ်းအရွယ်များသို့ အဆင့်ဆင့် ပြောင်းလဲလာသကဲ့သို့ ရောက်ရှိသည့် အသက်အရွယ်များတွင်လည်း စာသင်ကြားရခြင်း၊ မှတ်သားရခြင်း၊ လေ့လာဆည်းပူးရခြင်း၊ စာမေးပွဲဖြေဆိုရခြင်း၊ အလုပ်ရှာဖွေရခြင်း၊ မိသားစုဝင်ငွေရရှိရေးအတွက် အလုပ်မျိုးစုံ၊ လူ့ဘဝအခက်အခဲမျိုးစုံ၊ လူမှုဒုက္ခပြဿနာပေါင်းစုံကို ရင်ဆိုင်ဖြတ်သန်းရင်းနှင့်ပင် ဘဝသေဆုံးကြရသည်။

စာပေကိုလေ့လာဝမ်းစာပြုရသည်။ စာပေမှ အသိတရားများရရှိကာ ဆင်ခြင်တုံတရားနှင့် ကျင့်ကြံနေထိုင်ခြင်းဖြင့် လူမှုဘဝအဆင့်အတန်းမြင့်မားခဲ့ရသည်။ စာပေတွင် ဗဟုသုတစာပေ၊ ရသစာပေ၊ ဓမ္မစာပေ၊ သိပ္ပံစာပေ၊ သမိုင်းစာပေ၊ အခြားစာပေများအပြင်၊ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်၊ စကားပြေအထွေထွေများလည်း ဝါသနာအရ၊ လုပ်ငန်းခွင်အရ လေ့လာဖတ်ရှုရင်း ဘဝကြီးမြင့်စေရန် ကြိုးစားအားထုတ်ရခြင်းသည် စာပေ၏အကျိုးကျေးဇူးများကြောင့်ဖြစ်သည်ဟုဆိုလျှင် ငြင်းနိုင်မည်မထင်ပေ။

တစ်နည်းဆိုသော် စာပေနှင့်လူတို့၏ဘဝခရီးမှာ တစ်ကန့်စီမဟုတ်၊ အပြန်အလှန်ဆက်နွယ်မှုရှိသော်လည်း စာပေ၏အကျိုးကျေးဇူးက ပိုမိုကြီးမားသည်မှာ ထင်ရှားလှပါသည်။ စာပေကြောင့် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်နိုင်စေသည်။ ဗုဒ္ဓ၏အဆုံးအမဖြစ်သော (၃၈)ဖြာမင်္ဂလာကိုဖတ်ရှုရင်းဖြင့် ကြီးပွားတိုးတက်ရေးလမ်းများကို တွေ့မြင်နိုင်သည်။ လူမိုက်များကို မပေါင်းသင်းခြင်းဖြင့် ဘေးအန္တရာယ်များကို ကင်းဝေးစေသည်။ ဆင်းရဲဒုက္ခတရားများ မတွေ့စေရန် ကြိုတင်ရှောင်ရှားနိုင်သည်။ မြတ်ဗုဒ္ဓ၏ ချမ်းသာခြင်းတရားများဖြစ်သော အလုပ်ကိစ္စ၌ ထကြွလုံ့လဝီရိယရှိခြင်း၊ ရရှိပြီးပစ္စည်းဥစ္စာများကို မလေလွင့်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မိတ်ဆွေခင်ပွန်းကောင်းများ အမြဲရှာဖွေခြင်း၊ ဝင်ငွေကို မျှတမှုရှိစေရန် သုံးစွဲခြင်းဖြင့် တိုးတက်ကြီးပွားမှု ရရှိမည်ဖြစ်ကြောင်း စာပေမှ တစ်ဆင့်သိရှိရသည်။

ကျေးဇူးရှိသူအား ကျေးဇူးဆပ်ခြင်း၊ သူတော်ကောင်းနှင့်ပေါင်းဖော်ဆည်းကပ်ခြင်း၊ သူတော်ကောင်းအားထောက်ပံ့ခြင်း၊ ကျေးဇူးသိတတ်ခြင်းဖြင့် သူတော်ကောင်းလက္ခဏာ ငါးပါးကိုလည်း စာပေဖတ်၍သိရှိရသည်။ ငွေ၊ ပစ္စည်းဥစ္စာရှိပါက လေးပုံ ပုံ၍ နှစ်ပုံကိုအရင်းအနှီးပြုရမည်ဖြစ်ကြောင်း၊ တစ်ပုံကိုသိမ်းဆည်း၍ ကျန်တစ်ပုံကို စားသုံးရမည်ဖြစ်ကြောင်း ဗုဒ္ဓ၏ ဆုံးမမိန့်တော်မူခြင်းကို စာပေဖတ်ရှုခြင်းမှတစ်ဆင့် သိရသည်။

လူသားတို့၏ ကျန်းမာရေးနှင့်မိသားစုစီးပွားရေးကို ဆုတ်ယုတ်ကျဆင်းစေသော အရက်သေစာသောက်စားခြင်းကြောင့် ရရှိမည့်အပြစ်ခြောက်ပါးနှင့်ပတ်သက်၍ "ခိုက်ရန်ပွားများ၊ ပျက်ပြားဥစ္စာ၊ ရောဂါထူပြော၊ ကျော်စောမဲ့ရာ၊ လိမ္မာဉာဏ်နည်း၊ ရှက်ကွဲတစ်ဖြာ၊ အရက်သောက်ထိရောက်ပြစ်ခြောက်ဖြာ"ဟူ၍ စာပေဖတ်ရှုခြင်းဖြင့် လူမှုဘဝရှင်သန်ရေးတွင် လိုအပ်သော အကျိုးကျေးဇူးများကို ရရှိစေပါသည်။ ထိုစာပေများကို လူငယ်လူရွယ်များသာမက လူကြီးများပါမကျန် အရွယ်မရွေး သိရှိရှောင်ကြဉ်ခြင်းဖြင့် လူ့ပတ်ဝန်းကျင်အား စိတ်ဆင်းရဲသောကများ ကင်းဝေးစေနိုင်မည်ဖြစ်သည်။လူ့ဘဝခရီးတွင်ကြုံတွေ့နေရသော အခက်အခဲများအား ရှောင်ကြဉ်ရန်အတွက် စာပေ၏အထောက်အပံ့များစွာ လိုအပ်ပါသည်။စာပေမတတ်မြောက်ပါက ချမ်းသာသော်လည်း ကုဋေရှစ်ဆယ်သူဌေးသားပမာ ခက်ခဲကြမ်းတမ်းသော လောကဓံတရားများ ရိုက်ပုတ်မှုကြောင့် အမြန်ကျဆုံးသွားမည်မှာ သေချာလှသည်။ စာပေသည် လူသားတို့၏ မိတ်ဆွေအစစ်အမှန်ပင်ဖြစ်သည်။

"ငွေကိုဖြုန်းလျှင်- ဥစ္စာဆုံးရှုံးရတတ်သည်။
စကားကိုဖြုန်းလျှင်- သိက္ခာဆုံးရှုံးရတတ်သည်။
အချိန်ကိုဖြုန်းလျှင်- ဘဝကိုဆုံးရှုံးရတတ်သည်။"

ဟူသောအတွေးအမြင် စကားလေးများနှင့် ဘဝတွင် ထွန်းပေါက်အောင်မြင်မှုကို ဟန့်တားနိုင်သော အကြောင်းအရာများဖြစ်သည့် "ဆင်ခြေအရမ်းများခြင်း၊ သင်ယူဖို့ငြင်းဆန်ခြင်း၊ ချီတုံချတုံဖြစ်တတ်ခြင်း၊ အချိန်ဆွဲခြင်း၊ လက်တွေ့မဆန်ခြင်း"ဟူသော သတိပေးချက်များက လူငယ်များအတွက် တန်ဖိုးမဖြတ်နိုင်သော အသိတရားများပင်ဖြစ်ပါသည်။ စာပေများကို စာရေးဆရာများက သိစေချင်၊ မြင်စေချင်၊ ခံစားမှုများပေးရန်အတွက် စာရေးကြခြင်းဖြစ်သည်။ အလားတူပင် ကဗျာဆရာကလည်း စူးရှခံစားတတ်စေရန်၊ ပြဇာတ်ရေးဖွဲ့သူများကလည်း ကဗျာလင်္ကာများ ဝေဝေဆာဆာဖြင့် သမိုင်းဝင်ပြဇာတ်များကို ရေးသားဖော်ပြကြသည်။ အတိတ်စာပေသမိုင်းက လတ်ဆတ်နေဆဲ။ အတိတ်စာပေသမိုင်းများက အထင်ကရ ရှိနေဆဲ၊ အတိုတင်ပြလိုပါသည်။

၁၉၀၄ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော မောင်ရင်မောင်၊ မမယ်မဝတ္ထုသည် ပထမဆုံးသော မြန်မာကာလပေါ်ဝတ္ထုရှည်ဖြစ်သည်။ဝတ္ထုသည် အသိအလိမ္မာပေးကြောင်း လမ်းခင်းပေးခြင်း ဖြစ်သည်။ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးဒဂုန်ရွှေမျှား၊ ဆရာကြီးပီမိုးနင်း၊ ဆရာကြီးဇေယျတို့၏ ကျေးဇူးကြောင့် မြန်မာဝတ္ထုတိုများ ရှင်သန်ဖွံ့ဖြိုးလာခဲ့သည်။

ကဗျာနှင့်ပတ်သက်၍လည်း စာဆိုဦးကြော့၊ မောင်းထောင်ဦးကျော်လှ၏ သံချိုများ၊ ဆရာကြီးဦးလွန်း(ခေါ်) မစ္စတာမောင်မှိုင်း၏ ကဗျာများဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို လှုံ့ဆော်ခဲ့သည်။မန်လည်ဆရာတော်၊ လယ်တီဆရာတော်ကြီး၏ ကဗျာများမှာလည်း ကိုလိုနီခေတ်စာပေအဖြစ် ထင်ရှားပေါ်ပေါက်ခဲ့သည်။ အထက်မြန်မာနိုင်ငံတွင် ဦးကြင်ဥနှင့် ဦးပုညတို့၏ ပြဇာတ်များထွန်းကားနေသကဲ့သို့ အောက်မြန်မာနိုင်ငံ၌လည်း ပြဇာတ်များထွန်းကားလာခဲ့သည်။ရွှေပြဇာတ်များတွင် ရယ်စရာဇာတ်ကွက်များ အတွေ့ရနည်းသော်လည်း ကိုလိုနီခေတ် ပြဇာတ်စာပေတွင် ရယ်စရာဇာတ်ကွက်များပါလာသည်။

၁၈၃၆ ခုနှစ်၊ မတ် ၃ ရက်တွင် "မော်လမြိုင်ခရော်နီကယ်" သတင်းစာကို ပထမဆုံးသတင်းစာအဖြစ် ထုတ်ဝေခြင်းဖြင့် သတင်းစာစကားပြေပေါ်ပေါက်လာခဲ့သည်။ ကာရန်ဖောက် စကားပြေအဖြစ် ဖွဲ့နွဲ့ရေးပုံမျိုး တွေ့ရသကဲ့သို့ စကားပြေရိုးရိုးဖြင့် ရေးပုံများလည်း တွေ့ရှိရသည်။၂၀ရာစုခေတ်ဦးတွင် စကားပြေအသုံးများလာပြီး မြန်မာ့တာရာသတင်းစာ၊ မဟာဗောဓိသတင်းစာ၊ သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ ပညာ့အလင်းသတင်းစာများလည်း ပေါ်ပေါက်လာခြင်းဖြင့် မြန်မာ့စာပေမှာ လူတစ်ဦးမွေးဖွားသည်မှ သေဆုံးသည်အထိနှယ် တိုးတက်ပြောင်းလဲလာခဲ့ရသည်။

အလားတူပင် ကဗျာဖွဲ့နည်းများကိုဖော်ထုတ်သော ကျမ်းများတွင် ပုဂံဝန်ထောက်မင်း ဦးတင်၏ ကဗျာဗန္ဓသာရကျမ်း(၁၈၉၂)သည်လည်း ထင်ရှားသော ကျမ်းတစ်ကျမ်းဖြစ်သည်။ ၁၉၀၄ခုနှစ်တွင် မြန်မာညွှန့်ပေါင်းကျမ်းများကို ရေးသားပြုစုသော ဆရာကြီးဦးကျော်ထွန်းက ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့ကို ဖွင့်ပြဖြေဆိုသော ဂူဠတ္ထဒီပိကာ အမည်ရှိသော ကိုးခန်းပျို့ ဋီကာကြီးကိုလည်း ရေးသားခဲ့သည်။ ကိုလိုနီခေတ်ဦးတွင် လျှောက်ထုံးနှင့် စကားပုံကျမ်းများလည်း ပါဝင်နေသည်။ မဟာပညာကျော်လျှောက်ထုံး၊ ဘိုးရာဇာလျှောက်ထုံးတို့သည် ထင်ရှားသကဲ့သို့ ဆရာကြီးဦးအောင်၏ "အယူတော်မင်္ဂလာလျှောက်ထုံး"များဖြစ်သော ကဝိသာရာမ မဉ္ဇူသာကျမ်း(၁၉၁၀)နှင့် ရှင်ဥတ္တမကျော်နှင့် ခုံတော်မောင်ကျာဘမ်း စကားစစ် တရားစစ်ထိုးခန်း၊ ကဝိသေနင်္ဂဗျူဟာကျမ်း (၁၉၁၁)တို့လည်း ရေးသားပြုစုခဲ့သည်။

၁၉၂၀ပြည့်မတိုင်မီ ကိုလိုနီခေတ်ဦးတွင် လယ်တီဆရာတော်ကြီး၏ ဒီပနီများပေါ်ထွန်းခဲ့သည်။ ၁၉၂၀ပြည့်နှစ်မှစ၍ မြန်မာဝတ္ထုများသည် ဝတ္ထုပုံသဏ္ဌာန် ပိုပီသလာသည်။ ဆရာကြီးပီမိုးနင်း၏ ရွှေဥဒေါင်း ဝတ္ထုများအပြင် ဆရာဇေယျ၏ "မြတ်လေးရွှေဓားဗိုလ်" ဝတ္ထုသည်လည်း ထင်ရှားခဲ့သည်။ ကဗျာများတွင် ရှစ်လုံးဘွဲ့ကဗျာများ၊ တေးထပ်၊ လေးချိုးအပြင် ရာသီဘွဲ့ကဗျာများလည်း ရေးဖွဲ့ကြသည်။ ဂီတစာပေအရေးအဖွဲ့များ၊ ရှေးပြဇာတ်မှသည် ခေတ်ပြဇာတ်များသို့ တိုးတက်ပြောင်းလဲလာခဲ့သည်။

အမျိုးသားရေးဝတ္ထုများလည်း ပေါ်ပေါက်လာခဲ့သည်။ ဆရာကြီးမဟာဆွေ၊ ဦးဖိုးကျား၊ ဦးသိန်းဖေမြင့်တို့အပြင် ခေတ်စမ်းပုံပြင်များ၊ ခေတ်စမ်းဝတ္ထုများ အားကောင်းလာသည်။ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ကုသ၊ တက္ကသိုလ်မောင်သန့်စင်၊ မောင်ထင်၊ ဦးလတ်တို့၏ဝတ္ထုများဖြင့် တစ်ဆင့်တိုးတက်လာခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းမှု အရှိန်မြင့်မားလာသည်နှင့်အမျှ ကဗျာကဏ္ဍတွင်လည်း ပျို့၊ မော်ကွန်း၊ ချေင်းစသည့် ကဗျာရှည်များ မှေးမှိန်သွားပြီး စာနယ်ဇင်းများတွင်လည်း ကဗျာတိုများ ထွန်းကားလာခြင်းဖြင့် မြန်မာစာပေခရီးမှာ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာခဲ့ရသည်။

မြန်မာစာပေတိုးတက်မှုခရီးသည် ခေတ်အခြေအနေအလိုက် ပြောင်းလဲလာသကဲ့သို့ စာပေမိတ်ဆွေကောင်းကို အဖော်ပြု၍ ပညာရှာမှီးရသော၊ ဘဝခရီးကြမ်းကို ရင်ဆိုင်ဖြတ်သန်းရသော လူသားများသည်လည်း ဘဝတိုးတက်မှုများ ရှိခဲ့ကြသည်။ အချို့သည် စာပေကို အဖော်မပြု၍ လမ်းခုလတ်တွင် ကျန်ခဲ့၏။ အချို့က "ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်"ဟူသော စကားနှင့်အညီ စာပေကို တန်ဖိုးထားခြင်းကြောင့် ဘဝများ မြင့်မားခဲ့သည်။

သေချာသည်မှာ စာပေနှင့်လူ့ဘဝခရီးသည် အချိန်ကာလအကန့်အသတ်တစ်ခုအတွင်း ဖြတ်သန်းခဲ့ခြင်းမှာ ဆင်တူသည်။ စာပေသည်သစ္စာရှိ၏။ လူငယ်များအား ဘဝတိုးတက်မြင့်မားစေသည်။လိမ္မာယဉ်ကျေးစေသည်။ တီထွင်ဖန်တီးလိုစိတ်များဖြစ်စေသည်။ အမှားအမှန်ကို ခွဲခြားသိစေသည်။ စာကြည့်တိုက်များသည် လူငယ်များအတွက် မိတ်ဆွေကောင်းများဖြစ်သည်။

ကမ္ဘာပေါ်ရှိ နေနှင့် လတို့မည်သည် လူသားများအားလုံးကို ညီမျှစွာ ပူအေးစေသကဲ့သို့ စာပေတိုင်းသည်လည်း လူသားများအတွက် အသိဉာဏ်ဖွံ့ဖြိုးစေသည်သာဖြစ်၏။ မြန်မာစာပေ၏ ထူးခြားချက်မှာ ကိုယ်ပိုင်တီထွင်နိုင်ခြင်း၊ ဘာသာစကားဖွဲ့စည်းပုံလေးနက်မှုရှိခြင်း၊ ပညာပါခြင်းဖြစ်သည်။ နယ်ချဲ့လက်အောက်တွင် နေခဲ့ရသော်လည်း စာပေပညာရှင်အများစု၏ ကြိုးပမ်းမှုကြောင့် ကိုယ်ကျင့်တရားများကောင်းမွန်လာခြင်း၊ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာခြင်း၊ လူငယ်များ၏အသိအမြင်စူးရှလာခြင်း၊ ဝံသာနုစိတ်ဓာတ်များ ကိန်းအောင်းလာခဲ့ခြင်း၊ အတွေးအမြင်တစ်ခုကို စကားပြေဖြင့် လှပစွာ ရေးဖွဲ့နိုင်သော "အက်ဆေးစကားပြေ"၊ "ရသစာတမ်း"များလည်းပေါ်ထွန်းခဲ့သည်မှာ မြန်မာ့စာပေခရီး၏ အောင်မြင်မှုခရီး ဝိသေသလက္ခဏာများပင် ဖြစ်ပါသည်။"စာပေသည်အမှောင်ခွင်း၍ အလင်းဆောင်ပေးသည်"၊ စာပေရေးသားသူတို့သည် လူထုအား မကောင်းသော အတွေးအမြင်များ မရရှိစေရန် နှလုံးသားတွင် စာပေအဆိပ်မခတ်ရန်လိုသည်။စာအုပ်ကောင်းတစ်အုပ်ရေးသားတိုင်း သမိုင်းတန်ဖိုး၊ သုတနှင့် ရသတန်ဖိုး၊ ဆင်ခြင်တုံတရားတန်ဖိုးတို့ ပါဝင်နေ၍ အကျိုးကြီးမားလှသည်။

စာပေသည် လူ့ဘဝခရီးအတွက် အရေးကြီးရုံသာမက နိုင်ငံနှင့်လူမျိုးအတွက်လည်း အဖိုးမဖြတ်နိုင်သော ရတနာဖြစ်သည်။ လူငယ်များ၏စွမ်းအား အရည်အသွေးများဖြင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံသားအားလုံး လက်တွဲကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း လေးနက်စွာ ခံယူပါသည်။

မင်းလပြည့်(ဟားခါး)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Xiao Zhan ကို တရုတ်ဆေးဘက်ဆိုင်ရာ ဒရာမာဇာတ်ကားတွင် ဆရာဝန်အဖြစ် တွေ့ရ

တရုတ်အနုပညာရှင် ရှောင်းကျန့်ကို ဆရာဝန်ဇာတ်ရုပ်နှင့် တရုတ်ဆေးဘက်ဆိုင်ရာ ဒရာမာဇာတ်ကား The Flying Doctors ဝတ္ထုအခြေခံထားသည့် ဇာတ်ကားတွင် မြင်တွေ့ကြရမည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။






အဆိုပါဝတ္ထုကို အခြေခံထားသည့် တရုတ်ဆေးဘက်ဆိုင်ရာ ဒရာမာဇာတ်လမ်းတွဲတွင် မြို့ငယ်လေးတစ်ခုတွင်ရှိသည့် ဆရာဝန်များ၏ ဘဝနှင့်အလုပ်ကို အခြေခံရိုက်ကူးထားခြင်း ဖြစ်သည်။

ယခင်က ရှောင်းကျန့် သရုပ်ဆောင်ထားသည့် ဆရာဝန်ဇာတ်ရုပ်နှင့် ဇာတ်လမ်းတွဲမှာ ပရိသတ်အားပေးမှုရရှိထားပြီး ယခုဇာတ်လမ်းတွဲသစ်တွင်လည်း ဆရာဝန်ဇာတ်ရုပ်နှင့် ထပ်မံမြင်တွေ့ကြရမည်ဖြစ်၍ ပရိသတ်များ စောင့်မျှော်နေကြသည်။ **(SKY)**

## The Nice Guy ဇာတ်ကားသစ်တွင် နှလုံးလှလူမိုက်ကြီး ပါဝင်



ကိုရီးယားလူဆိုးဂိုဏ်းမျိုးဆက်၏ အကြီးဆုံးသား နှလုံးလှလူမိုက်ကြီးအကြောင်း ရိုက်ကူးတင်ဆက်ထားသည့် The Nice Guy တွင် လီဒေါင်ဝုဒ် ပါဝင်ထားပြီး ပရိသတ်ကြား ရေပန်းစားနေကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားသစ်တွင် ကြင်နာတတ်ပြီး နူးညံ့သောနှလုံးသားနှင့် ကဗျာဆရာဖြစ်ချင်သော်လည်း ဆန္ဒမပါဘဲ လူဆိုးဂိုဏ်းတွင် နေရပြီး အပြီးတိုင် နုတ်ထွက်ချင်သော်လည်း ရုန်းထွက်မရသော နှလုံးလှ လူမိုက်ကြီးတစ်ဦး၏ ဇာတ်လမ်းဖြစ်သည်။

အထက်တန်းဘဝက အဆိုတော်ဖြစ်ချင်သည့် ငယ်ချစ်ဦးနှင့် နှစ်ပေါင်းများစွာ ကွဲကွာနေရာမှ ပြန်ဆုံတွေ့ချိန်တွင် အချင်းချင်းကာကွယ်ရင်း ဘဝသစ်စတင်၍ အချစ်ကမ္ဘာလေးတည်ဆောက်ရန် ကြိုးစားကြပုံကို ရိုက်ကူးထားပြီး ဂျေတီဘီစီက အနုပညာရှင်များစွာနှင့် မြိုင်မြိုင်ဆိုင်ဆိုင် တင်ပြထားရာ မင်းသား လီဒေါင်ဝုဒ်နှင့် မင်းသမီး လီဆောင်ကွမ်တို့ကြောင့် ပရိသတ်ကြား ရေပန်းစားနေသည်။

**(SKY)**

*-*-*-*-*-*-*



## BTS ၏ Dynamite စံချိန်ချိုးမည့်အဖွဲ့ ပေါ်လာ

ကမ္ဘာ့အအောင်မြင်ဆုံး ကေပေါ့ပ်အဖွဲ့တစ်ခုဖြစ်သည့် ဘီတီအက်စ်၏ Dynamite Supremacy ! ကို ချိုးယူနိုင်သူ မရှိခဲ့သော်လည်း ၂၀၂၆ ခုနှစ်တွင် စံချိန်ချိုးနိုင်မည့် အဖွဲ့ပေါ်လာရာ ဘီတီအက်စ်အဖွဲ့ Comeback ဖြစ်နေကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘီတီအက်စ်အဖွဲ့မှာ ၂၀၂၀ မှ ၂၀၂၅ ခုနှစ်အထိ Dynamite စံချိန်ကို ယူကျုံးသမိုင်းတွင် လူကြည့်အများဆုံး ကေပေါ့ပ်သီချင်း Butter နှင့် Dynamite တို့က ထိန်းသိမ်းထားခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် ဘီတီအက်စ်အဖွဲ့၏ စံချိန်သစ်က ထပ်မံ၍ ထွက်ရှိလာဦးမည် ဖြစ်သည်။

အဖွဲ့ဝင် ခုနစ်ဦးလုံး နိုင်ငံ့တာဝန်ထမ်းဆောင်ပြီး အမေရိကန်နိုင်ငံတွင် နှစ်နှစ်ကြာ ပြင်ဆင်မှုပြုလုပ်၍ ၂၀၂၆ ခုနှစ်တွင် ဂီတသစ်ထွက်ရှိလာမည်ဖြစ်ရာ အာရှတွင်သာမက Western Music Industry အထိ ထိပ်ဆုံးတွင် ပါဝင်နိုင်သည့် ကေပေါ့ပ် Comeback ဖြစ်လိမ့်မည်ဟု ထင်ကြေးပေးထားကြသည်။

**(SKY)**

*-*-*-*-*-*-*

## Saif Ali Khan ကို သားချောများနှင့်အတူ မြင်တွေ့ရ



ဘောလိဝုဒ်အနုပညာလောကတွင် မျိုးရိုးကြီးပြီး ကြီးမားသည့် မိသားစုကို ပိုင်ဆိုင်ထားသော ဆေ့ဖ်အလီခန်းသည် သားချောလေးဦး၏ ဖခင်ဖြစ်ပြီး လက်ရှိလည်း အနုပညာလောကတွင် အောင်မြင်နေသူဖြစ်သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆေ့ဖ်အလီခန်းတွင် ဇနီးနှစ်ဦးရှိပြီး ပထမဇနီးမှာ ရုပ်ရှင်သရုပ်ဆောင် အမ်ရိကေဆင့်ချ်ဖြစ်ပြီး ဆာရာအလီခန်းနှင့် အီဗရာဟင်အလီခန်းတို့ နှစ်ဦးကို မွေးဖွားခဲ့သည်။

ဒုတိယဇနီးမှာ ကရီနားကပူးလ်ဖြစ်ပြီး တိုင်မူးအလီခန်းနှင့် ဂျဲဟ်အလီခန်းတို့ကို မွေးဖွားထားရာ သားလေးဦးစလုံး အနုပညာမျိုးဆက်များဖြစ်ပြီး မိဘအမွေရထားကာ ချောမောလှပသူများဖြစ်ကြသည်။ ဖခင်ခြေရာနင်း၍ အရွယ်ရောက်သားများပင် အနုပညာလောကသို့ ဝင်ရောက်နေပြီဖြစ်သည်။

**(SKY)**

## အသက်ကြီးသူများ၏ သွေးပေါင်ချိန်ကို မုန်လာဥနီဖျော်ရည်က ကျစေနိုင်သည်ဟုဆို



မုန်လာဥနီဖျော်ရည်က အသက်ကြီးသူများ၏ သွေးပေါင်ချိန်ကျစေကာ ပါးစပ်တွင်းရှိ ဘက်တီးရီးယားများကို ပြောင်းလဲစေသည်။

အဆိုပါရလဒ်သည် အစားအသောက်မှရရှိသော နိုက်ထရိတ်ဓာတ်ဖြစ်ပြီး ကျန်းမာစွာ အသက်ကြီးလာစေရန်အတွက် အလားအလာရှိသည့် ဓာတ်စာတစ်ခုဖြစ်ကြောင်း အမေရိကန်အာဟာရပညာရှင်များက ထောက်ပြသည်။

အသက်ကြီးသူများတွင် သွေးပေါင်ချိန်ကို ကျစေသည့် နိုက်ထရိတ်ကြွယ်ဝသော မုန်လာဥနီဖျော်ရည်၏ အာနိသင်က ပါးစပ်အတွင်းရှိ ဘက်တီးရီးယားအဖွဲ့အစည်းများ၏ သိသာစွာ ပြောင်းလဲစေနိုင်မည်ဟုဆိုသည်။

အယ်ဇီတာ တက္ကသိုလ်မှ သုတေသီများ ဦးဆောင်ခဲ့သည့် စစ်တမ်းတစ်ခု၏ရလဒ်အရ ထိုဖျော်ရည်က နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်နိုင်ခြေကို လျှော့ချရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း သိရသည်။ **(SCI)**

## BTS မှ J Hope ၏ တစ်ကိုယ်တော်ဂီတ Mona Lisa ထွက်ရှိလာ

ဘီတီအက်စ်အဖွဲ့ဝင် ဂျေဟုတ်နှင့် ဂျင်သည် သင်တန်းကာလပြီးဆုံးခဲ့၍ တစ်ကိုယ်တော် အနုပညာလှုပ်ရှားမှုများနှင့် တွေ့ကြရာမှ ဂျေဟုတ်၏ Mona Lisa တစ်ကိုယ်တော်ဂီတမှာ ပရိသတ်ကြား ရေပန်းစားခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါ ဂီတမိတ်ဆက်တွင် ဝါရင့်အမျိုးသမီးလေးများကို သဘောကျပြီး မျက်နှာလှလှလေးများကို အစိတ်အပိုင်းတစ်ခုလို ဘောင်ခတ်သိမ်းထားချင်စရာလေး မိုနာလီဆာလို ငါလုပ်ဖို့ လိုအပ်နေပြီဟု ကြေညာထား၍ အမျိုးသမီးထု ပရိသတ်နှစ်ခြိုက်မဆုံးဖြစ်နေကြသည်။

ဂျေဟုတ်သည် တစ်ကိုယ်တော် လှုပ်ရှားမှုများနှင့် ဖျော်ဖြေပွဲများကိုပါ ပြုလုပ်ခဲ့ပြီးနောက် Mona Lisa နှင့် ထပ်မံ၍ အောင်မြင်မှုများ ရရှိထားသည်။

**(SKY)**

*-*-*-*-*-*-*




## Prabhas တစ်လအတွင်း အကျော်ကြားဆုံး အနုပညာရှင်ဖြစ်

ဘောလိဝုဒ်အနုပညာလောကမှ တစ်လအတွင်း အကျော်ကြားဆုံး အနုပညာရှင်စာရင်းကို Ormax Media က ထုတ်ပြန်ထားရာ လွန်ခဲ့သောလအတွက် ပရာဘတ်စ်က ထိပ်ဆုံးစာရင်းဝင်ဖြစ်ခဲ့ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ထုတ်ပြန်ထားသော စာရင်းအရ ထိပ်ဆုံးငါးဦးတွင် ပရာဘတ်စ်၊ အနုပညာလောကမှ နိုင်ငံရေးလောကသို့ ဝင်ရောက်သွားသော ဗီဂျေးအကြီး၊ ဘောလိဝုဒ်ဘုရင် ရှာရွတ်ခန်း၊ နာမည်ကြီးမင်းသား အာလူးအာဂျွန်နှင့် အဂျေးကူးမားရ်တို့ ပါဝင်ကြသည်။

နံပါတ်ခြောက်မှ တစ်ဆယ်နေရာတွင် မင်းသား မဟေ့ရှ်ဘာဘူ၊ RRR မင်းသား ရမ်ချာရမ်၊ စလေမန်ခန်း၊ အရှေးကူးမားရ်နှင့် JR NTR တို့လည်း စာရင်းဝင်ခဲ့သည်။

**(SKY)**

*-*-*-*-*-*-*

# တရုတ်-ရုရှား ပူးပေါင်းဆောင်ရွက်မှုမြင့်တင်မည်ဟု တရုတ်တာဝန်ရှိသူပြောကြား

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၇**

တရုတ်နှင့် ရုရှားကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက်ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တရုတ်-ရုရှား ချစ်ကြည်ရေးကော်မတီ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးတွင် တရုတ်နိုင်ငံအမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ လီဟောင်ဇောင်က စက်တင်ဘာ ၆ ရက်တွင် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

၎င်းအစည်းအဝေးတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်လည်းဖြစ်သည့် လီက ဖတ်ကြားခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များ၏ မဟာဗျူဟာကျသည့် လမ်းညွှန်မှုအောက်တွင် တရုတ်-ရုရှားဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို လမ်းကြောင်းမှန်ပေါ်၌ ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပြီး မြှင့်တင်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တရုတ်-ရုရှား ချစ်ကြည်ရေးကော်မတီသည် နိုင်ငံသားများအချင်းချင်း ကူးလူးဖလှယ်ခြင်းအတွက် အဓိကလမ်းကြောင်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန် ခေါင်းဆောင်များက မျှော်လင့်ထားကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။



နှစ်နိုင်ငံခေါင်းဆောင်များကြား ရရှိခဲ့သည့် အရေးကြီးသော သဘောတူညီမှုကို လိုက်နာဆောင်ရွက်ရန်၊ နှစ်နိုင်ငံနိုင်ငံသားများအချင်းချင်း ကူးလူးဖလှယ်ရေးအတွက် ဘက်စုံကွန်ရက်တစ်ခု တည်ထောင်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်ရေးအတွက် ဆောင်ရွက်သွားရန် ၎င်းက တိုက်တွန်းခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာ ပူတင်ထံမှ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ရုရှားတာဝန်ရှိသူ ဗောရစ်တီတော့က ဖတ်ကြားပြီး ရုရှား-တရုတ် ဆက်ဆံရေးနှင့် ရေရှည်ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရာတွင် ကော်မတီ၏ အရေးကြီးသော အခန်းကဏ္ဍကို ရှင်းလင်းပြောကြား ခဲ့သည်။

ကော်မတီ၏လုပ်ငန်းများတွင် ပိုမိုအကျိုးရှိသော ရလဒ်များရရှိရန်နှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးတွင် စာမျက်နှာသစ်တစ်ခုရေးထိုးရန်၊ ပြည်သူအချင်းချင်း ကူးလူးဖလှယ်ရေးနှင့် ဆက်ဆံရေးခိုင်မာစေရန်အတွက် တရုတ်နိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားရန် အဆင်သင့်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

## အနုထင်ချန်ဗီရာကူအား ဘုရင်ထောက်ခံအတည်ပြုပြီးနောက် ထိုင်းဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်တော့မည်

**ဘန်ကောက် စက်တင်ဘာ ၇**

ထိုင်းနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်နှင့် ဝါရင့်နိုင်ငံရေးသမားဖြစ်သူ အနုထင်ချန်ဗီရာကူအား ဘုရင်က ထောက်ခံအတည်ပြုလိုက်ပြီးနောက် ထိုင်းဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်တော့မည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



"အရှင်မင်းကြီးက မစ္စတာအနုခထင်ချန်ဗီရာကူကို ယခုအချိန်ကစပြီး ဝန်ကြီးချုပ်အဖြစ် ထောက်ခံအတည်ပြုလိုက်ပြီ" ဟု ထိုင်းအောက်လွှတ်တော် အထွေထွေအတွင်းရေးမှူး အာပတ်ဆူခါနွန်က စက်တင်ဘာ ၇ ရက်တွင် ကြေညာပေးခဲ့သည်။

ထိုင်းသတင်းမီဒီယာများက လွှမ့်ကွန်ရက်တွင် တင်ခဲ့သည့် ဓာတ်ပုံများတွင် အနုထင်သည် ဘုရင် မဟာဗာဂျီရာလောင်ကွန်း၏ ရုပ်ပုံတော်ရှေ့တွင် အရိုအသေပြုနေသည်ကို တွေ့ရပြီးနောက် ၎င်း၏မိသားစုနှင့် ဖခင်ဖြစ်သူ (ပြည်ထဲရေးဝန်ကြီးဟောင်း) အား နှုတ်ဆက်ခဲ့သည်။

ရွေးကောက်ပွဲရလဒ်ကို လက်ခံပြီးနောက် မှတ်ချက်စကားပြောရာတွင် အနုထင်က ၎င်းနှင့် ၎င်း၏မိသားစုအတွက် "အကန့်အသတ်မရှိတဲ့ ကောင်းချီးမင်္ဂလာနဲ့ ဂုဏ်ယူစရာ" ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း ဘန်ကောက်ပို့စ်သတင်းစာက ကိုးကားဖော်ပြသည်။

အသက် ၅၈ နှစ်ရှိပြီဖြစ်သည့် အနုထင်သည် နှစ်နှစ်အတွင်း တိုင်းပြည်၏ တတိယမြောက်ခေါင်းဆောင် ဖြစ်လာခဲ့သည်။

၎င်းသည် လေးလအတွင်း လွှတ်တော်ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲကျင်းပပေးရမည်ဟူသည့် သဘောတူညီချက်ဖြင့် တိုးတက်သော ပြည်သူ့ပါတီ၏ ထောက်ခံမှုဖြင့် အာဏာရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## ဒီမိုကရက်တစ် ကွန်ဂိုသမ္မတနိုင်ငံတွင် အီဘိုလာရောဂါကူးစက် လက္ခဏာပြသူ ၂၈ ဦး အနက် ၁၅ ဦး သေဆုံးကြောင်း အတည်ပြု



**ကင်ရှာဆာ စက်တင်ဘာ ၇**

ဒီမိုကရက်တစ် ကွန်ဂိုသမ္မတနိုင်ငံတွင် ဖြစ်ပွားနေသော အီဘိုလာရောဂါသစ်သည် လက္ခဏာပြသနေသူ ၂၈ ဦး အနက် ၁၅ ဦး သေဆုံးခဲ့ကြောင်း ဗဟိုအာဖရိကနိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနက ယခင်အပတ်နှောင်းပိုင်းတွင် အတည်ပြုလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၎င်းသည် ကွန်ဂိုတွင် ဖြစ်ပွားခဲ့သော ၁၆ ကြိမ်မြောက် အီဘိုလာဖြစ်ပွားမှုဖြစ်ပြီး ကျန်းမာရေးဝန်ကြီး ဆမ်မြူရယ်-ရော်ဂျာ ကမ်ဘာက ခန့်မှန်းခြေ ၅၃ ဒသမ ၆ ရာခိုင်နှုန်းရှိသော သေဆုံးနှုန်းသည် အခြေအနေ၏ အလေးအနက်ကို ဖော်ပြကြောင်း ပြောကြားခဲ့သည်။

အတည်ပြုနိုင်ခဲ့သော ဖြစ်စဉ်မှာ ကာဆိုင်ခရိုင်တောင်ပိုင်းရှိ ဘူလာပေဒေသမှ ကိုယ်ဝန်ဆောင် အမျိုးသမီး ၃၄ နှစ်ဖြစ်ပြီး သံသယဖြစ်ဖွယ် ဖြစ်စဉ်များနှင့်ပတ်သက်၍ သုတေသနပြုလုပ်နေဆဲ ဖြစ်သည်။

ယနေ့အထိ ခန့်မှန်းအစီရင်ခံစာအရ သံသယဖြစ်ဖွယ်ဖြစ်စဉ် ၂၈ ခုနှင့် သေဆုံးသူ ၁၅ ဦး ရှိပြီး ဘူလာပေတွင် ၁၄ ဦးနှင့် မွေကာတွင် ၁ ဦး အပါအဝင်၊ ကျန်းမာရေးဝန်ထမ်းလေးဦးလည်း ပါဝင်ကြောင်း သိရသည်။

**Mon**

## ခြင်မှတစ်ဆင့် ကူးစက်သော ဒန်ဂီးနှင့် ချီကွန်ဂွါညာရောဂါများ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြန့်ပွားမှုအခြေအနေ ဆိုးရွားလျက်ရှိ

**ဒက္ကာ စက်တင်ဘာ ၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ခြင်မှတစ်ဆင့် ကူးစက်သော ဒန်ဂီးနှင့် ချီကွန်ဂွါညာရောဂါများ အပြိုင်အဆိုင်ပြန့်ပွားမှုကြောင့် အဆိုးရွားဆုံးအခြေအနေသို့ ရောက်နေပြီး ဆေးရုံများ ပိတ်ဆို့နေကာ ရှေ့လာမည့် သီတင်းပတ်များတွင် ပိုမိုကြီးမားသော ကူးစက်မှုများ ပေါ်ပေါက်လာနိုင်သည်ဟု စိုးရိမ်မှုများ မြင့်တက်နေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ရုံး အဆိုအရ ယခုနှစ်အတွင်း အဆိုပါတောင်အာရှနိုင်ငံတွင် ဒန်ဂီးအဖျားရောဂါဖြစ်ပွားသူ ၃၃၈၀၀ ကျော်နှင့် သေဆုံးသူ ၁၃၂ ဦးရှိကြောင်း မှတ်တမ်းတင်ထားသည်။

စက်တင်ဘာလ ပထမပတ်အတွင်း၌ပင် အနည်းဆုံး လူ ၁၀ ဦး သေဆုံးခဲ့ပြီး ယင်းအဖျားရောဂါကြောင့် လူပေါင်း ၁၅၀၀ ကျော် ဆေးရုံတင်ထားရသည်။

နှစ်ပေါင်းများစွာ ကင်းကွာနေခဲ့သော ဆင်တုပ်ကွေးခေါ် ချီကွန်ဂွါညာရောဂါသည် ပြင်းထန်စွာ တစ်ကြော့ပြန် ဝင်ရောက်လာနေသည်။ ဇန်နဝါရီလမှ ဇူလိုင်လအထိအတွင်း ဒက္ကာအခြေစိုက် ဓာတ်ခွဲခန်း လေးခုတွင် ဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသူ ၇၈၅ ဦးကို အတည်ပြုခဲ့ရပြီး အချို့ဓာတ်ခွဲခန်းများတွင် ကူးစက်နှုန်း ၃၀ ရာခိုင်နှုန်းကျော်အထိ ရှိခဲ့သည်။

ဆိပ်ကမ်းမြို့ဖြစ်သော စစ်တကောင်းတွင်လည်း ၂၄ နာရီအတွင်း ကူးစက်သူ ၃၀ ဦးရှိကြောင်း အရာရှိများက အစီရင်ခံခဲ့ရာ ယခုနှစ်တွင် မြို့၏ စုစုပေါင်း ကူးစက်မှုမှာ ၃၀၀၀ နီးပါးအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အမေရိကန်ဟွန်ဒိုင်းစက်ရုံတွင် အလုပ်သမားများ ဖမ်းဆီးခံရမှုနှင့်ပတ်သက်၍ တောင်ကိုရီးယား အစိုးရအရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပ

**ဆိုးလ် စက်တင်ဘာ ၇**

တောင်ကိုရီးယားအစိုးရသည် အမေရိကန်ရှိ ဟွန်ဒိုင်းစက်ရုံတွင် အကြီးအကျယ် ပြုလုပ်ခဲ့သည့် လူဝင်မှုကြီးကြပ်ရေးစီးနင်းမှုအတွင်း ၎င်းနိုင်ငံသားရာပေါင်းများစွာကို ဖမ်းဆီးခဲ့မှုနှင့်ပတ်သက်၍ အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး လျှင်မြန်စွာ တုံ့ပြန်မည်ဟု ကတိပြုခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဂျော်ဂျီယာပြည်နယ်ရှိ ထိုစက်ရုံသို့ တောင်ကိုရီးယားသံတမန်များကို စေလွှတ်ခဲ့ပြီး ဟွန်ဒိုင်းနှင့် ပူးတွဲ၍ စက်ရုံကို လည်ပတ်နေသည့် အယ်လ်ဂျီစွမ်းအင်ဆုံးဖြတ်ချက် ကုမ္ပဏီက အမေရိကန်သို့ ခရီးစဉ်များကို ဆိုင်းငံ့ထားမည်ဟု ဆိုသည်။

အမေရိကန်အရာရှိများသည် တရားမဝင် အလုပ်လုပ်နေသည်ဟု သံသယရှိသော တောင်ကိုရီးယားနိုင်ငံသား အများစုဖြစ်သည့် လူ ၄၇၅ ဦးကို ဖမ်းဆီးခဲ့သည်။ ယင်းစက်ရုံသည် ယင်းပြည်နယ်၏ အကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများထဲမှ တစ်ခုဖြစ်သည်။

ယင်းစီးနင်းမှုကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ထိခိုက်စေနိုင်မည်ဟူသော စိုးရိမ်မှုများကို အိမ်ဖြူတော်ဘက်က ပယ်ချကာ ယင်းအခြေအနေကို ကာကွယ်ပြောဆိုခဲ့ကြောင်း သိရသည်။

**Mon**





## အပတ်စဉ် တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် မသုံးစွဲရနေ့ လှုပ်ရှားမှုများ ဆောင်ရွက်

**စဉ့်ကိုင် စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် မြို့နယ်ဈေးအတွင်း၌ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးဆောင်၍ အပတ်စဉ် တနင်္လာနေ့တိုင်း ပလတ်စတစ်၊ ကြွပ်ကြွပ်အိတ် မသုံးစွဲရနေ့ (Monday Stop) လှုပ်ရှားမှုအဖြစ် အင်ဖက်များ ဖြန့်ဝေခြင်း၊ Recycle Bag များ ဖြန့်ဝေခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျောက်ဆည်ခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးသီဟကျော်နှင့် ဝန်ထမ်းများ၊ စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်သူများအား ဈေးရောင်းရာတွင် ပလတ်စတစ်အိတ်များ အသုံးပြု၍ ဈေးရောင်းဝယ်ခြင်း မပြုလုပ်ကြရန်၊ ပလတ်စတစ်အိတ်များ အသုံးပြုခြင်းအစား အင်ဖက်ရွက်များ အသုံးပြုကြရန် အသိပညာပေး ဟောပြောခဲ့ကြပြီး ဈေးဝယ်သူများအား Recycle Bag ၁၅၀ အိတ်ပေးခြင်းနှင့် "ပတ်ဝန်းကျင် သာယာလှပစေဖို့ ပလတ်စတစ် အမှိုက်ကင်းစေရေး ဆောင်ရွက်စို့" အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ကျော်စွာ(စဉ့်ကိုင်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပုဗ္ဗသီရိ စက်တင်ဘာ ၇**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇေယျာသီရိခရိုင်ရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဇေယျာသီရိခရိုင် ရဲတပ်ဖွဲ့မှ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနိုင်၊ ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ရန်နိုင်နှင့် ရဲတပ်ဖွဲ့ဝင်အင်အား ၅၅ ဦးတို့က ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ သစ်ပင်၊ သစ်ကိုင်းနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ဆေးရုံသန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**အောင်ကို(မြန်/ဆက်)**



## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

**မန္တလေး စက်တင်ဘာ ၇**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟို)တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲက ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင် ပြုလုပ်သည်။

ဟောပြောပွဲတွင် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်အကြောင်းကို အသင်းအတွင်းရေးမှူး ဦးမြင့်သန်းက လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက စိတ်ကြွရူးသွပ်ဆေးဝါး ဆိုးကျိုးများကိုလည်းကောင်း ဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများကို အသင်းအမှုဆောင် ဒေါ်သင်းသင်းဦးက မေးခွန်းများ မေးမြန်းပြီး ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ပြီးနောက် မူးယစ်ဆေးဝါး မသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ချတ်ဆိုကြသည်။

အခမ်းအနားသို့ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ) (၀၄၅)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## မိုင်းပျဉ်းမြို့နယ်တွင် အိုက်စ်(မက်သ်အဖက်တမင်း)၄၂၀ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၇**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃၀ ရက် ည ၁၀ နာရီတွင် သတင်းအရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်၊ ဟောင်ကန်ကျေးရွာအုပ်စု၊ နားယုန်ကျေးရွာအနီးတွင် မက်မန်းမြို့ဘက်မှ မိုင်းပျဉ်းမြို့ဘက်သို့ စိုင်းဦးသီလ(ခ)စိုင်းရွက်ဆိုသူ မောင်းနှင်လာသည့် TOYOTA KLUGER မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာမှ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၄၂၀ကီလိုအား ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ ဖမ်းဆီးရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များအား မက်မန်းမြို့နယ်၊ တာကော်လေးကျေးရွာအနီးမှ မိုင်းပျဉ်းမြို့နယ်၊ နားယုန်ကျေးရွာအနီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တာချီလိတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၃ ရက် ညနေ ၄ နာရီက တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်တွင် ဇင်မင်းထွန်း(ခ)ကိုဇင်ဆိုသူ မောင်းနှင်ပြီး မညွန့်ညွန့်တင်ဆိုသူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀,၀၀၀ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၄ နာရီ မိနစ် ၂၀ တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချသူ ယာရှု(ခ)အာခါလေးဆိုသူအား အဆိုပါရပ်ကွက်တွင် မော်တော်ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်း တစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဇင်မင်းထွန်း(ခ)ကိုဇင်(၂၈)နှစ်၊ မညွန့်ညွန့်တင်(၅၁)နှစ်နှင့် ယာရှု(ခ)အာခါလေး(၃၀)နှစ်ဆိုသူတို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃ရက်တွင် ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တီးတိန်မြို့၊ စကောလမ်းရပ်ကွက်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဩဂုတ် ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာ ကလေးမြို့နယ်နှင့် ရွှေဘိုမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်ငါးစီးကိုလည်းကောင်း၊ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ယာဉ် နှစ်စီးကိုလည်းကောင်း၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၂၈ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ပြင်ဦးလွင်မြို့နယ်၌ အများပြည်သူအထင်အမြင်လွဲမှားစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ တပ်မတော်သားအယောင်ဆောင်ကာ ခြိမ်းခြောက်ပြောဆိုခဲ့သူအား ဖမ်းဆီးအရေးယူ



ပြင်ဦးလွင်မြို့နယ်၌ အများပြည်သူ အထင်အမြင်လွဲမှားစေရန်နှင့် အထိတ်တလန့် ဖြစ်စေရန်ရည်ရွယ်၍ တပ်မတော်သား အယောင်ဆောင်ကာခြိမ်းခြောက် ပြောဆိုခဲ့သူအား တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၇**

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ စက်တင်ဘာ ၆ ရက်က အများပြည်သူ အထင်အမြင်လွဲမှားစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ တပ်မတော်သား အယောင်ဆောင်ကာ ခြိမ်းခြောက်ပြောဆိုခဲ့သူအား ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီတွင် ပြင်ဦးလွင်မြို့ သီဟ Mobile ဖုန်းဆိုင်သို့ ဖုန်းလာရောက်ဝယ်ယူရန် ရောက်ရှိလာသူ အမည်မသိလူငယ်တစ်ဦးမှ I Phone-13 ဝယ်ယူရန် ဈေးနှုန်းမေးသဖြင့် ဆိုင်ဝန်ထမ်းများက ရှင်းလင်းပြောပြခဲ့ရာ အဆိုပါလူငယ်က ညနေမှပြန်လာမည်ဖြစ်ကြောင်းပြောဆို၍ ပြန်သွားခဲ့ကြောင်း၊ ထိုနေ့ ည ၇ နာရီခွဲခန့်တွင် အဆိုပါလူငယ်သည် အရက်သေစာ သောက်စားမူးယစ်ကာ ဖုန်းဆိုင်သို့ ပြန်လည်ရောက်ရှိလာပြီး ဖုန်းများအားထုတ်ယူကြည့်ရှုကာ ၎င်းလိုချင်သည့် ဖုန်းမှာ I Phone-13 ဖြစ်ပြီး ယခုတွေ့ရှိသည့်ဖုန်းမှာ I Phone-11 Pro Max ဖုန်းဖြစ်နေသဖြင့် မကျေနပ်ကြောင်း ပြောကာ ဆိုင်မှဝန်ထမ်းများအား ၎င်းမှာ တပ်မတော်မှ တပ်ကြပ်ကြီး အဆင့်ရှိ စိုးဝင်းဖြစ်ကြောင်း၊ ဆိုင်တစ်ဆိုင်လုံးကို PDF ဟု ပြောဆိုပြီး ဖမ်းခိုင်းမည်ဖြစ်ကြောင်း၊ ယူနီဖောင်းဝတ်ပြီး ပြန်လာမည်ဖြစ်ကြောင်း စသဖြင့် ကြမ်းတမ်းစွာခြိမ်းခြောက်ပြောဆို ထွက်ခွာသွားကြောင်း သတင်းရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့သည်။

အထက်ပါ ဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါလူငယ်အား စုံစမ်းဖော်ထုတ်ခဲ့ရာ ပြင်ဦးလွင် မြို့နယ် မိုးကြိုးပစ်ကျေးရွာ ရပ်ကွက်ကြီး(၂၁)နေ စိုးဝင်း(၂၄) နှစ်(ဘ) ဦးသိန်းအောင်ဆိုသူ ဖြစ်ကြောင်း စုံစမ်းဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ပြီး စိုးဝင်းမှာ တပ်မတော်သားတစ်ဦး မဟုတ်ဘဲ တပ်မတော်သားအဖြစ် အယောင်ဆောင်ကာ တပ်မတော်အပေါ် ပြည်သူလူထု အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ ပြောဆို ခြိမ်းခြောက်ခဲ့ကြောင်း စစ်ဆေး အတည်ပြု ပေါ်ပေါက်သဖြင့် အများပြည်သူ အထင်အမြင်လွဲမှား စေရန်နှင့် အထိတ်တလန့်ဖြစ်စေ ရန်ရည်ရွယ်၍ တပ်မတော်သား အယောင်ဆောင်ကာ ခြိမ်းခြောက် ပြောဆိုခဲ့သူ စိုးဝင်းအား ပြင်ဦးလွင် မြို့မရဲစခန်း (ပ)၁၈၅/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က/၁၇၀ ဖြင့် အမှုဖွင့်အရေးယူထား ရှိသည်။

မသမာသူများသည် နိုင်ငံတော် အစိုးရကို အကြည်အညိုပျက်စေ ရန်ရည်ရွယ်၍ ဖြစ်မှုကျူးလွန်ရာ၌ တပ်မတော်/ဌာနဆိုင်ရာဝန်ထမ်း များအယောင်ဆောင်ကာ ပြည်သူ လူထုအား ခြိမ်းခြောက်၊ အနိုင်ကျင့် မှုများ မကြာခဏဖြစ်ပွားလျက် ရှိသည်။ သို့ဖြစ်ပါ၍ ပြည်သူ လူထုအနေဖြင့် ဖော်ပြပါဖြစ်စဉ် အတိုင်း မသင်္ကာဖွယ်ဆောင်ရွက် သူများတွေ့ရှိပါက အနီးဆုံး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ရဲစခန်းများသို့ အချိန်မီသတင်းပို့ တိုင်ကြားနိုင်ပါကြောင်း သတင်း ထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

**အရေးယူဆောင်ရွက်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှု လုပ်ဆောင်ခဲ့သည့် "Zawlay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်း ရပ်ကွက်နေ ဇော်မင်းဦး(ခ)အရှည်ကြီးအား ညနေ ၅ နာရီခွဲတွင် ပြည်ကြီးတံခွန် မြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ



**တံတားဦး စက်တင်ဘာ ၇**

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် တံတားဦးခရိုင် ရဲတပ်ဖွဲ့ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက် ၉ နာရီက တံတားဦးမြို့ ပြည်သူ့ဆေးရုံရှိ သံဃာဆေးကုသဆောင်၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် တံတားဦးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ဇော်က အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးက သွေးလှူဒါန်းပေးရခြင်း၏ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တံတားဦးခရိုင် ရဲတပ်ဖွဲ့ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းကြရာ ခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းနေကြသည့် တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း ၁၂ ဦးကို ကြည့်ရှုအားပေးကြသည်။

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် တပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းခြင်းသည် သွေးအတွက် လိုအပ်သည့် ပြည်သူများ၏ အသက်ကို ကယ်တင်ပေးခြင်းဖြင့် လှူဒါန်းပေးခြင်းဖြစ်ကြောင်း၊ သွေးများမလှူဒါန်းမီ အချိန်တွင် သွေးပေါင်စစ်ဆေးခြင်း၊ သွေးအမျိုးအစားခွဲခြားပေးခြင်းများ ဆောင်ရွက်ပေးကြောင်း၊ သွေးလှူဒါန်းပေးသော တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများကို တစ်ဦးလျှင် ကြက်ဥ (၁၀)လုံး၊ Royal-D (၂)ဘူး၊ ၄က်ပျောတစ်ဖီးနှင့် ထောက်ပံ့ငွေကျပ် ၁၀၀၀၀ စီတို့ကို အသီးသီး ထောက်ပံ့ပေးနိုင်ပါကြောင်း တံတားဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

(အပေါ်ဝဲပုံ)

**ဦးရဲတင့်(ပြန်/ဆက်)**

# မြန်မာ့အီလက်ထရောနစ်မဲပေးစက် အသိပညာပေး၊ လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် မြို့သစ် အမှတ်(၂)ရပ်ကွက်၊ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ချယ်ရီစူပါစိမ်းခန်းမတွင် မဲပေးစက်အသုံးပြု၍ မဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးလွင်က မဲဆန္ဒရှင်ပြည်သူများကို ရွေးကောက်ပွဲဆိုင်ရာ ကျင်းပမည့် လုပ်ငန်းစဉ်များ၊ မြန်မာအီလက်ထရောနစ် မဲပေးစက်လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဒုတိယဦးစီးမှူး ဒေါ်သိမ့်သိမ့်ဆွေက မြို့နယ် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းပြသခဲ့သည်။

ထို့နောက် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) စက် အသုံးပြု၍ မဲပေးပုံ နည်းစနစ်များအား လက်တွေ့ရှင်းလင်းပြသခဲ့ရာ တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် တစ်ဦးချင်းကိုယ်တိုင်စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မဟာအောင်မြေခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်(၂) ဦးသက်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်(၂) ဦးတင်ထွန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း အင်အား ၄၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့(ချမ်း/စည်)**

# သမဝါယမအသင်းသားများ၏ မိုးစပါးစိုက်ပျိုးထားရှိမှု ကွင်းဆင်းစစ်ဆေး



**လယ်ဝေး စက်တင်ဘာ ၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက် ၁၀ နာရီက လယ်ဝေးမြို့နယ်၊ ကြို့ကုန်းကျေးရွာရှိ ထွန်းပေါက် စိုက်ပျိုးရေးထုတ်လုပ်ရေး သမဝါယမအသင်းသား ဦးအောင်ဖိုး၏ မိုးစပါး ၅ ဧကတွင် ထိုင်းနံ့ကောက်စပါးမျိုး စိုက်ပျိုးထားရှိမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းကြည့်ရှုစဉ် နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက ယခုနှစ် မိုးစပါးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိုးစပါးစိုက်ပျိုးဧကအားလုံး ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်း ပြည့်မီစေရန် ဦးစီးဌာနများ စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ပြီး အသင်းသားတောင်သူများက မိမိတို့၏လယ်ယာမြေများ ယခင်နှစ်များထက် စပါးအထွက်နှုန်း ပိုမိုကောင်းမွန်လာစေရန် ပူးပေါင်းပါဝင် ဆောင်ရွက်စေလိုကြောင်း အဖျက်ပိုးမွှားများ အန္တရာယ်မှ ကာကွယ်နိုင်စေရေးအတွက်လည်း ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးနှင့်မြေသြဇာ စသည့် သွင်းအားစုများကို နည်းစနစ်မှန်ကန်စွာဖြင့် စံချိန်စံညွှန်းများ အတိုင်း အသုံးပြုစေလိုကြောင်းနှင့် မြို့နယ်ဦးစီးဌာနမှလည်း စဉ်ဆက်မပြတ် ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များအား အနီးကပ်ကြီးကြပ်ပေါင်းစပ်ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀



# နိုင်ငံတကာ အားကစား သတင်းများ

## ကီစ်စမစ်အား ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်း စိတ်ဝင်စား

**မက်ဒရစ် စက်တင်ဘာ ၇**

စပိန် လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် AZ အယ်လ်ခမာအသင်း ကွင်းလယ်ကစားသမား ကီစ်စမစ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက် ၁၉ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် AZ အယ်လ်ခမာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆



ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၄၀ ကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

AZ အယ်လ်ခမာအသင်းကလည်း ကီစ်စမစ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်တွင် AZ အယ်လ်ခမာအသင်းထံမှ ကီစ်စမစ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဂျီယိုရီ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် London City Lionesses အသင်းခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၇**

အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲအား တန်းတက်ယှဉ်ပြိုင်ခွင့် ရရှိသည့် London City Lionesses အသင်းသည် ပီအက်စ်ဂျီ အမျိုးသမီးအသင်း ကွင်းလယ်ကစားသမား ဂျီယိုရီအား ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁ ဒသမ ၄ သန်းဖြင့် ခေါ်ယူခဲ့သည်။

အဆိုပါ ကွင်းလယ်ကစား



သမားသည် London City Lionesses အသင်းတွင် ကျောနံပါတ် ၈၈ ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ဂျီယိုရီသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၁၄-၂၀၁၅ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၂၇၀ ကစားကာ ၅၃ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် London City Lionesses အသင်းက ခေါ်ယူခဲ့သည်။

ဂျီယိုရီသည် စက်တင်ဘာ ၁၄ ရက်တွင် ယှဉ်ပြိုင်ကစားမည့် မန်ချက်စတာယူနိုက်တက်အမျိုးသမီးအသင်းနှင့်ပွဲစဉ်တွင် ပွဲဦးထွက် ပါဝင်ကစားသွားဖွယ်ရှိသည်။

(ဝဲပုံ) (NGB)

### ဘောလုံးသတင်းအတိုအထွာများ

* အင်တာမိုင်ယာမီအသင်းတိုက်စစ်မှူး ဆွာရက်ဇ်သည် ပြိုင်ဘက်အသင်းဖြစ်သည့် ဆီယက်တဲလ်ဆောင်းဒါးစ် ဒါရိုက်တာ ဂျီနီရာမီရက်ဇ်၏ မျက်နှာအား တံတွေးဖြင့် ထွေးခဲ့သည့် အပြုအမူကြောင့် ခြောက်ပွဲပယ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။

* ဘီဆစ်တပ်စ်အသင်းသည် အာဆင်နယ်အသင်းနှင့် အဆင်မပြေဖြစ်နေသည့် ထရိုဆက်ဒ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

(NGB)



## ဩစတြီးယားအသင်းက ဆိုက်ပရပ်စ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရ

**လန်ဒန် စက်တင်ဘာ ၇**

ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဩစတြီးယားအသင်းနှင့် ဆိုက်ပရပ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဩစတြီးယားအသင်းက ဆိုက်ပရပ်စ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဩစတြီးယားအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၅၄မိနစ်တွင် ဆာဘစ်ဇာက သွင်းယူပေးခဲ့သည်။

ဩစတြီးယားအသင်းသည် ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၁၀ ရက်တွင် ဘော့စနီးယားအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## ဝီလီယံအား ဂရီမီယိုအသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၇**

ဘရာဇီးကလပ် ဂရီမီယိုအသင်းသည် ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်း တောင်ပံကစားသမားဟောင်း ဝီလီယံအား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ချဲလ်ဆီး၊ အာဆင်နယ်၊ ဖူလ်ဟမ်၊ ရှက်တာဒိုးနက်စ်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဂရီမီယိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၇)နှစ်အရွယ်ရှိ ဝီလီယံက "ကျွန်တော် ဂရီမီယိုအသင်းကို ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(အောက်ဝဲပုံ)

(NGB)



## အဒမ်ဝါတန် ပေါင်ခြံဒဏ်ရာကြောင့် သုံးပတ်ခန့် အနားယူရမည်

**လန်ဒန် စက်တင်ဘာ ၇**

ခရစ္စတယ်ပဲလေ့စ်အသင်း ကွင်းလယ်ကစားသမား အဒမ်ဝါတန် ပေါင်ခြံဒဏ်ရာကြောင့် သုံးပတ်ခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ခရစ္စတယ်ပဲလေ့စ်အသင်းက အက်စတွန်ဗီလာအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အဒမ်ဝါတန် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။



အသက် ၂၁ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အဒမ်ဝါတန်သည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၆ ပွဲ ကစားပြီး အကောင်းဆုံး ခြေစွမ်းပြထားသည်။

(အပေါ်ပုံ) (NGB)

## အိုရီယိုလ်ရိုမြူ ဘာစီလိုနာအသင်းနှင့် နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်း

**ဘာစီလိုနာ စက်တင်ဘာ ၇**

ဘာစီလိုနာအသင်းသည် အသင်း ကွင်းလယ်ကစားသမား အိုရီယိုလ်ရိုမြူနှင့် နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်းခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။

ဘာစီလိုနာအသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့သည့် အိုရီယိုလ်ရိုမြူအနေဖြင့် လက်ရှိအချိန် ဥရောပ



အပြောင်းအရွှေ့ ပိတ်သွားသော်လည်း တူရကီစူပါလိဂ်နှင့် ဆော်ဒီစူပါလိဂ်များတွင် အပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ထားခြင်းကြောင့် ၄င်းလိဂ်များသို့ ပြောင်းရွှေ့ကစားခွင့် ရရှိနိုင်သေးသည်။

ကွင်းလယ်ကစားသမား အိုရီယိုလ်ရိုမြူသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်းမှ ဂျီရိုနာအသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၃၁ ပွဲ ကစားကာ ခြေစွမ်းပြထားသည်။ (ဝဲပုံ)

ထို့ကြောင့် အသက် ၃၃ နှစ်အရွယ်ရှိ အိုရီယိုလ်ရိုမြူအနေဖြင့် မည်သည့်ကလပ်အသင်းသို့ ပြောင်းရွှေ့ကစားသွားမည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## 2025 US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား Aryna Sabalenka ဆွတ်ခူး

**နယူးယောက် စက်တင်ဘာ ၇**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော် အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဘီလာရုတင်းနစ်မယ် Aryna Sabalenka က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ဘီလာရုတင်းနစ်မယ် Aryna Sabalenka သည် 2025 US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်မယ် Amanda Anisimova ကို ၆-၃၊ ၇-၆ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက် ၂၇ နှစ်အရွယ်ရှိ Aryna Sabalenka က "ကျွန်မအနေနဲ့ 2025 US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်အောင်လည်း ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(အောက်ပုံ) (NGB)



### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်)ခြေစစ်ပွဲ-အုပ်စုအဆင့် ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၉-၉-၂၀၂၅ တနင်္လာနေ့ | နံနက်၀၁း၁၅နာရီ | C | ဘီလာရုစ် - စကော့တလန် | ——— |
| ။ | ။ | L | ခရိုအေးရှား - မွန်တီနီဂရိုး | ——— |
| ။ | ။ | L | ဂျီဘရော်လ်တာ - ဖာရိုးကျွန်းစုများ | ဖာရိုးကျွန်းစုများ ၂-၁ ဂျီဘရော်လ်တာ |
| ။ | ။ | C | ဂရိ - ဒိန်းမတ် | ——— |
| ။ | ။ | I | အစ္စရေး - အီတလီ | ——— |
| ။ | ။ | B | ကိုဆိုဗို - ဆွီဒင် | ——— |
| ။ | ။ | B | ဆွစ်ဇာလန် - ဆလိုဗေးနီးယား | ——— |

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၈-၉-၂၀၂၅ တနင်္လာနေ့ | ည၇း၃၀နာရီ | မလေးရှား - ပါလက်စတိုင်း |
| ။ | ည၈း၀၀နာရီ | အင်ဒိုနီးရှား - လက်ဘနွန် |
| ။ | ည၁၁း၀၀နာရီ | ယူအေအီး - ဘာရိန်း |
| ။ | ည၁၁း၄၅နာရီ | ချက် - ဆော်ဒီအာရေဗျ |



## စစ်ကိုင်းတိုင်းဒေသကြီးတွင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီးတွင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အကဲဖြတ်ပညာရှင်များ၊ ခရိုင်အသီးသီးမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးကို ဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းဦးတည်ချက်များကို အကောင်အထည်ဖော်နေခြင်းမှာ မြန်မာတို့၏ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ မိမိတို့၏ လူ့ဘောင်အဖွဲ့အစည်းကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်ကြောင်း၊ ယခုလိုအစဉ်အလာရှိသည့် အမွေကောင်းများကို ထိန်းသိမ်းပြီး အနာဂတ်ကာလမှာ သားစဉ်မြေးဆက်တိုင်အောင် လက်ဆင့်ကမ်း ပေးဝေနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်း၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်၊ ပန်တျာဦးမြကြည်တို့က ဖဲကြိုး ဖတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြိုင်ပွဲများ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နေလင်းအောင်(ပြန်/ဆက်)**

## အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီခွဲက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အခွန်ဆိုင်ရာ ပညာပေး ရှင်းလင်းဆွေးနွေးပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)ဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးပိုင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ဆွေက ၂၀၂၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော အခွန်ထမ်းကုမ္ပဏီများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးသည်။

အခမ်းအနားသို့ ကုမ္ပဏီလုပ်ငန်းရှင် စုစုပေါင်း ၂၅၀ ဦး တက်ရောက်ကြကြောင်းနှင့် အခွန်ဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

(ဝဇ၃)

*- *- *- *- *



## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများ ဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်နှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်(ကြော်ငြာဌာနစိတ်)၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ mdydailynewspaper@gmail.com သို့ (၁၅-၉-၂၀၂၅)ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးတိုင်းဒေသကြီးအတွင်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းများ ဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီးအတွင်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီး စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဌာနမှ သင်တန်းများ ဖွင့်လှစ်ကာ လူစွမ်းအားအရင်းအမြစ်များ စွမ်းဆောင်ရည်မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိသည်။



သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းအမျိုးအစားများမှာ ၁၂ မျိုးရှိပြီး (၁၉၂)ကြိမ်အထိ သင်တန်းသားဦးရေ ၇၀၀၀ ကျော်ကို သင်တန်းပေးခဲ့ပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တာဝန်ရှိသူက ပြောသည်။

"တိုင်းဒေသကြီးအတွင်းမှာ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ (MSME)လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ စွမ်းဆောင်ရည်မြှင့်တင်ဖို့ သင်တန်းတွေ ဖွင့်လှစ်တာပါ။ သင်တန်းသားဦးရေက သင်တန်းအမျိုးအစားပေါ် မူတည်ပါတယ်။ တစ်ကြိမ်သင်တန်းပေးရင် ၂၀၀ ကျော်လောက်အထိ ရှိတယ်။ လုပ်ငန်းရှင်ရော လုပ်သားတွေပါ ပါရင် ပိုများတယ်။ သင်တန်းကာလက အများဆုံး နှစ်ပတ်၊ အနည်းဆုံးက သုံးရက်ပါ"ဟု ၎င်းက ပြောသည်။

ဖွင့်လှစ်သည့် သင်တန်းများအနက် အဓိက နည်းပညာလွှဲပြောင်းမှုဆိုင်ရာသင်တန်း၊ ဈေးကွက်ချဲ့ထွင်မှု သင်တန်း၊ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း၊ စွန့်ဦးတီထွင်မှုဆိုင်ရာသင်တန်း စသည်ဖြင့် သင်တန်းအမျိုးအစား ၁၂ မျိုး ဖွင့်လှစ်ကာ စက်မှုလုပ်ငန်းများ၌ လုပ်ကိုင်နေကြသူများအား သင်တန်းပေးခြင်းဖြစ်သည်။

သင်တန်းများဖွင့်လှစ်ရာတွင် စက်ရုံလုပ်သားများရှိသည့် စက်မှုဇုန်နှင့် လုပ်ငန်းရှင်များ ပါဝင်ပါက မြို့တော်ခန်းမ၊ (MCC) ကဲ့သို့သောခန်းမများတွင် ဖွင့်လှစ်ကြောင်း၊ ထိုသို့ ဖွင့်လှစ်ကာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် တိုင်းဒေသကြီးအတွင်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ အရည်အသွေးကောင်းမွန်ပြီး ကုန်ထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(မန္တလေးနေ့စဉ်-၉)**

## ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၂၇၉၃၇ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် သီးနှံစုံ ၁၂၇၉၃၇ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသအတွင်း စားရေရိက္ခာဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် သီးနှံစုံ ၁၂၇၉၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး သီးနှံအလိုက် လျာထားချက် စိုက်ဧကများ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ယခုနှစ် အောက်တိုဘာလတွင် စတင်စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ချိတ်ဆက်၍ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးသွားနိုင်ရေး၊ စိုက်ပျိုးရေးနှင့် သီးနှံအောင်မြင်စေရန် ရေအလုံအလောက်ရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေးနှင့် သီးနှံအလိုက် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့အတွက် စိုက်ပျိုးရေးနှင့်ပတ်သက်သောလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ လျာထားစိုက်ပျိုးမည့် သီးနှံများအနေဖြင့် ဖူးစားပြောင်း ၃၀၅၀ ဧက၊ မတ်ပဲ၊ ပဲကြီး၊ ပဲကြား၊ စားတော်ပဲ၊ ကုလားပဲ၊ ပဲလွမ်း၊ ပဲယင်း၊ ပဲနောက်၊ ထောပတ်ပဲနှင့် အခြားပဲသီးနှံစသည့် ပဲမျိုးစုံသီးနှံ ၇၂၅၆၄ ဧက၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း ဆီထွက်သီးနှံစုံ ၃၄၉၅၁ ဧက၊ စားဖိုဆောင်သီးနှံစုံ ၂၄၃၈ ဧက၊ ကျွဲ၊ နွားတိရစ္ဆာန် အစာ ၁၂၉၀၉ ဧက၊ ဟင်းသီးဟင်းရွက်မျိုးစုံ ၁၇၄၅ ဧက၊ အထွေထွေစားသုံးသီးနှံ ၂၈၀ ဧက၊ စုစုပေါင်း သီးနှံစုံဧက ၁၂၇၉၃၇ ကို လျာထားစိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

(၄၄၅)

o-o-o-o-o-o-o

o-o-o-o-o

# သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့ ဗုဒ္ဓစွယ်တော်တိုက်သို့ လှူဒါန်းမည့် အောင်မြန်မာချို မင်္ဂလာဆင်ရတနာလွှဲအပ်ပွဲ ပြုလုပ်




**မန္တလေး စက်တင်ဘာလ ၇**

သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့ ဗုဒ္ဓမြတ်စွယ်တော်လှည့်လည်ပူဇော်ပွဲ အခမ်းအနားတွင် ဗုဒ္ဓစွယ်တော်မြတ်အား ပင့်ဆောင်ရာမှာ အသုံးပြုမည့် 'အောင်မြန်မာချို' မင်္ဂလာဆင်ရတနာအား မဟာဓမ္မိကာရာမ ရွှေကျောင်းတိုက်မကြီး ဆရာတော်ထံ လွှဲအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျောင်းရပ်ကွက်ရှိ မဟာဓမ္မိကာရာမ၊ ရွှေကျောင်းတိုက်မကြီးရှိ ကျွန်းကျောင်းတော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃနာယကအဖွဲ့၊ မဟာဝိသုဒ္ဓါရုံတိုက်၊ ရတနာပုံရွှေနန်းဆီကျောင်းဆရာတော် ဘဒ္ဒန္တဝေဠုရိယ၊ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်)၊ မဟာဓမ္မိကာရာမရွှေကျောင်းတိုက်မကြီး ဆရာတော် ဘဒ္ဒန္တထုတိဝရ (အဂ္ဂမဟာပဏ္ဍိတ)၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ(ရွှေကျင်) ဖလ်ချက်ဝန်ကျောင်းဆရာတော် ဘဒ္ဒန္တဇောတိက အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး အောင်မြေသာစံ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူး ညွှန်ကြားရေးမှူး ဦးဖြိုးဇော်ဇော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် တာဝန်ရှိသူများ၊ 'အောင်မြန်မာချို' မင်္ဂလာဆင်ရတနာ အလှူရှင် ချမ်းမြသာစည်မြို့နယ်၊ (ဃ-၃)ရပ်ကွက်နေ ဒေါ်အမာချို (TC)ဝေယံသိန်းချိုမိသားစုနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (ဝဲပုံ)

အခမ်းအနားတွင် အလှူရှင်မိသားစုက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဗုဒ္ဓစွယ်တော်မြတ်အား ပင့်ဆောင်ရန်အသုံးပြုမည့် 'အောင်မြန်မာချို' မင်္ဂလာဆင်ရတနာအား မဟာဓမ္မိကာရာမ ရွှေကျောင်းတိုက်မကြီးဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကိုယ်စား ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။ ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တဝေဠုရိယထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြည်ညို၍ 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ 'အောင်မြန်မာချို' မင်္ဂလာဆင်ရတနာသည် ငါးနှစ်သားအရွယ်ဖြစ်ပြီး တန်ဖိုးငွေကျပ်သိန်း ၁၂၀၀ ဖြင့် ဝယ်ယူလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

(၀၉၃)

# အသိပေးကြေညာခြင်း

မန္တလေးမြို့တော်အား သန့်ရှင်းသာယာလှပသော ခေတ်မီမြို့တော်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အဓိကလမ်းမကြီးများ၊ လမ်း၊ ပလက်ဖောင်း၊ ရေမြောင်းများပေါ်တွင် ကျူးကျော်စုပုံ တည်ခင်းပစ္စည်းထားရှိခြင်း၊ ကျူးကျော်ဆောက်လုပ်ထားရှိခြင်း၊ ကျူးကျော်ရောင်းချခြင်းများကို ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ အောက်ဖော်ပြပါ တားမြစ်ချက်များကို လိုက်နာရန် ဖြစ်ပါသည်။**

ပုဒ်မ-၁၀၆(စ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာလမ်း၊ စင်္ကြံ၊ ပလက်ဖောင်းများပေါ်တွင် ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂများချထားခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပစ္စည်းများစုပုံခြင်း၊ ရောင်းချခြင်း၊ ခင်းကျင်းခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း၊ နေလှန်းခြင်း မပြုရ။

ပုဒ်မ-၁၀၆(တ) အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကားပါကင်၊ မီးစက်၊ ထရန်စဖော်မာတို့ကို ခွင့်ပြုချက်မရှိဘဲ လမ်းနယ်နိမိတ်အတွင်း သုံးစွဲချထားခြင်း မပြုရ။

ပုဒ်မ-၁၀၉(ဂ) မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင် သို့မဟုတ် ကုန်တိုက်များ၊ ကိုယ်ပိုင်ဈေးများ ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

ပုဒ်မ-၁၀၉(စ) မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း နံရံကပ်ဆိုင် ဖွင့်လှစ်ရောင်းချခြင်း မပြုရ။ လှေကားခွင်တွင် ဆိုင်ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

**သို့ဖြစ်ပါ၍ တားမြစ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက အောက်ဖော်ပြပါ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းကို ခံရမည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။**

ပုဒ်မ-၁၁၂(က) ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများအား ကော်မတီပိုင်အဖြစ် သိမ်းဆည်းခြင်း၊ ဒဏ်ကြေးငွေ အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀၀၀ မှ အများဆုံး ငွေဒဏ် ကျပ် ၅၀၀၀၀၀ အထိ ချမှတ်ခြင်း၊

ပုဒ်မ-၁၁၂(ခ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ရရှိသူဖြစ်ပါက သတိပေးခြင်း၊ ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

ပုဒ်မ-၁၁၅။ ထပ်မံကျူးလွန်ပါက အနည်းဆုံး ငွေဒဏ် ကျပ် ၂၀၀၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၂၀၀၀၀၀ ထိ ဖြစ်စေ၊ ထောင်ဒဏ်(၁)လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ရုံးစာရေးသားနည်းသင်တန်း ဖွင့်လှစ်

**တောင်တွင်းကြီး စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် မြို့နယ်ရုံးဝန်ထမ်းများအား ရုံးစာရေးသားရာတွင် နည်းစနစ်ကျစွာ ရေးသားတတ်စေရန် ရည်ရွယ်၍ ရုံးစာရေးသားနည်းသင်တန်းကို ယမန်နေ့ နေ့လယ်ပိုင်းက ဖွင့်လှစ်သင်ကြားပို့ချသည်။ (အောက်ပုံ)

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က သင်တန်းဖွင့်လှစ်ပို့ချရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရုံးစာရေးသားရာတွင် အခြေခံရမည့်အချက်များ၊ ရုံးစာရေးသားနည်းအမျိုးအစားများ၊ ရုံးစာရေးသားနည်းတွင် အသုံးပြုရမည့်ခေါင်းစဉ်များ၊ ရုံးစာရေးသားရာတွင် လိုက်နာရမည့် အထားအသိုအကွာအဝေးများစသည့် ရုံးစာရေးသားနည်းဆိုင်ရာများကို စာတွေ့လက်တွေ့ပို့ချပြသရာ ဝန်ထမ်းများက စိတ်ပါဝင်စားစွာဖြင့် တက်ရောက်သင်ယူခဲ့ကြကြောင်း သိရသည်။



နောင်နောင်(မိဿနိုးမြေ)

# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းဆင်ဆောင်ရွက်

**မိုင်းရှူး စက်တင်ဘာ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်တွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မိုင်းအော့ကျေးရွာ၌ ကျင်းဆင်ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီးက ကျောင်းစည်းကမ်းအကြောင်း ပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဦးကျော်ဝင်းက ဗလငါးတန်အကြောင်းနှင့် အားကစားအမျိုးမျိုးပြုလုပ်ခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများ ဟောပြောသည်။ ယင်းနောက် နည်းစနစ်မှူး ဦးကျော်ဝင်းက ကျောင်းအုပ်ဆရာကြီးထံ ဘောလုံး(၁)လုံး၊ ဘော်လီဘော (၁)လုံး၊ ပိုက်ကျော်ခြင်း(၁)လုံး ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူ ၁၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





# မြို့ပြရှာဖွေကယ်ဆယ်ရေး ပွဲစည်းနိုင်ရေး ကြိုတင်ပြင်ဆင်လေ့ကျင့်မှုသင်တန်းဆင်းပွဲ ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်ရှိ တောင်ကြီးခရိုင်မီးသတ်စခန်း၌ စက်တင်ဘာ ၅ ရက် နံနက် ၈ နာရီခွဲက ရှမ်းပြည်နယ်မီးသတ်ဦးစီးမှူးရုံး မြို့ပြရှာဖွေကယ်ဆယ်ရေးဖွဲ့စည်းနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုသင်တန်းဆင်းပွဲ ကျင်းပသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းသားများမှ ရှာဖွေကယ်ဆယ်ရေး စွမ်းရည်များဖြစ်သည့် အဆောက်အအုံတည်ငြိမ်မှု ရှိ၊ မရှိ စောင့်ကြည့်ရေး ကိရိယာ၊ ဒေါက်ထောက်ခြင်း၊ ကျားကန်ခြင်း၊ ကြိုးတက်ကယ်ဆယ်ခြင်း၊ ကြိုးကူးကယ်ဆယ်ခြင်း၊ သုံးဆင့်လှေကားဖြင့် ကယ်ဆယ်ခြင်း၊ တောင်ကြား အသက်ကယ်ဆယ်ခြင်း၊ နံရံထွင်းဖောက်ဖြတ်တောက်ခြင်း၊ မတင်ရွှေ့ပြောင်းခြင်းနှင့် ကြိုးဆင်းခြင်းနည်းများကို သရုပ်ပြသကြသည်။ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်မှ သရုပ်ပြတပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၁၁ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၂၀ ဦး တက်ရောက်ခဲ့ကြကြောင်းသိရသည်။

(အပေါ်ပုံ)

(၃၆၈)

၀-၀-၀-၀-၀

# ဆင်တူရောင်ကွဲဂေါ်ဝိန် (သို့မဟုတ်) ကဗျာတွေရွတ်ပြီး လောကလေးချွန်တဲ့ ဂေါ်ဝိန်

သွယ်အောင်

(၁.၉.၂၀၂၅)ရက် စာမျက်နှာ(၁၄)မှအဆက်

တမင်စိမ်းပြီပေါ့
မကြင်လို့ တိမ်းချင်လည်းတိမ်းပါ
ယိမ်းသလို ရှောင်သလိုနဲ့
ဟန်ဆောင်ကာ မျက်မာန်တင်း
မြင်ပြင်းကပ်ဟန်တူရဲ့
ငြူရူရူ ခင့်နှုတ်ခမ်းက
ပန်းနှင်းဆီ မှန်းယောင်သန်း
မခေါ်တမ်း ကစားရအောင်လေ။
နောင်တော့မှာ
မောင်တော့သတိထား
ဟိုသွားဒီလာနဲ့
ကဗျာဆရာ လူတေကြီး
ဆံမဖြီးမသင်နဲ့
မုတ်ဆိတ်မျှင်သူမရိတ်
ဆေးလိပ်တိုတဖွာဖွာပေါ့
ယောင်ချာချာ မနေပါနဲ့
ခင်ကလေ မောင့်ကို မုန်းပါဘူး
ရှက်ပြုံးကာ လာမချော့လာနှင့်
မောင့်မှာလေ တအားလျော့ပြီး
ခုတော့ တေမိ။
မောင်ရယ် လိမ်လိမ်မာမာနဲ့
ခင်ပြောတာ နားထောင်စမ်းပါ
ဒီကလည်း သူ့ကိုလွမ်းတာပဲ
မခေါ်တမ်းကစားပွဲကို
ရပ်စဲကြစို့လေ
မျက်ရည်နှင့်ခင့်စကား။
ချစ်သူကပြောတော့
လွမ်းမောသူ ဟန်မဆောင်နိုင်ဘု
ဆေးလိပ်တောင်ဖြတ်ပစ်မယ်
ချစ်မကြိုက်ရင် မောင်မသောက်ပါ
နောင်တော့သာ မခေါ်ချင်သလိုနဲ့
ခင်တမင်ငြိုငြင်တိမ်းပြီ
စိမ်းနဲ့သိလား။
(စာ-၇၄) ကြည်အောင်

အမြုံစကား
မျက်ရည်ပွင့်တွေပဲ
သက်သေသင့်မယ်ချစ်သူရယ်
လျှာရဟတ်လည်လို့
ထပ်ထပ်ခါပြောလိုလှချည်ရဲ့
စကားချိုနွဲ့နွဲ့လေးတွေပေါ့
ရင်အေးဖွယ် တန်ဆာယဉ်နဲ့
ပြောချင်လှတယ်။
ရင်နှင့်အောင်ချစ်သူမို့
ရင်ပွင့်အောင်ပြောကာ ပြလိုမင့်
ဝေါဟာရ ရင်မှာမြုံလို့
ရွှေရင်ခုန် သံစုံထပ်ပါဘိ
ပါးစပ်က ရွှေငါးနှယ်
ပြောလွယ်ဘူး ခက်သေး။
နှုတ်တဖျားရယ်က
လှုပ်ရှားကာ ကုန်အစင်ကွယ့်
ခြုံဝင်ကာ စုံလင်ဆက်ပေမဲ့
ပုံပြင်ပမာ မယုံရင် ခက်ချေရဲ့လို့
ရတက်ဆင် စိုးပူရွံ့သူက
နှုတ်တွန့်ကာ မဖွင့်ရဲလေတော့
သည်းမငြိမ် စိတ်ပင်ပန်းတယ်
ကွယ်…နွမ်းပူဖွဲ့ဆွေး ။ ။
သိုက်ထွန်းသက်

စိန်တစ်ဆင်စာ
ရှိန်အင်္ဂါကြောင့်
ချိန်ခွင်လျှာလေး စောင်းသွားပြီ။
(စာ-၁၂၈) သိုက်ထွန်းသက်

ဝွပ်ဝွပ်ဖိနပ် ရုပ်တိုက်စီး
မယ်မင်းကြီးမတို့ လာချေပြီ။
ဈေးဗန်းထဲမှာ စုံလင်စွာ
လာပါယူပါ ဈေးခေါ်ပြီ။
အဆစ်လည်းပေး မုန့်လည်းကျွေး
ကလေးအားလုံး ပျော်နေပြီ။
ဈေးရောင်းရငွေ ဈေးပြန်ဝယ်
ကုန်ဖလှယ်ခြင်း ပြီးဆုံးပြီ။
ဝွပ်ဝွပ်ဖိနပ် ရုပ်တိုက်စီး
မယ်မင်းကြီးမတို့ ပြန်ချေပြီ။
(စာ-၁၃၀) သိုက်ထွန်းသက်

မြမြနု
တစ်ရွက်တစ်လွှာ တစ်ညှာမျှပင်
စိမ်း မမြင်သည်
နွေဝင်ခါစ နေ့တစ်နေ့။
ဟိုမှာလည်းရွှေ သည်မှာရွှေနှင့်
ရွှေရွက် ရွှေချပ် ရွှေရောင်ဟပ်သည်
ရွှေတပ်ခင်းကျင်း ပြသည်သို့။
တောအခြေတွင် ရွှေလည်းတစ်ဝက်
မြတစ်ဝက်နှင့် သစ်ရွက်တစ်ချပ်
တဖျပ်ဖျပ်လျှင် ကပ်ရပ်နေရှာ
ကိုင်းပေါ်မှာလျှင် မြင်ကာခဏ
ချမ်းမြမြ။
ဤလူ့မြေခွင် ရွှေချည်းမြင်၍
ရွှေစင်ကိုသာ လိုချင်ပါဟု
ရွှေအာသာမက် ရွှေဆိပ်တက်စဉ်
သစ်ရွက်တစ်ခု မြမြနုသည်
ရွှေထုကြားမှ အလှပြလျက်
လောကလကာ် ဆင်သတည်း။
(စာ-၁၃၆) တင်မိုး

ငါ့သူမနဲ့ငါ
မေတ္တာစာတ်လမ်း
ဗီလိန်ခန်း၌
ကြမ်းတမ်းရိုင်းပျ
ထိုသူမအား …
ရေခြား မြေခြား
မီးတား စည်းတား
မလိုလားမှု
တစ်ခုသောကဗျာ
ငါဖွဲ့ပါမည်
လောင်စာဖြစ်စေသတည်း။
(စာ-၁၃၉) သိုက်ထွန်းသက်

သည်စာတ်ခုံမှာ
လုံခြုံဒေသဖွေမရဘူး
ဘဝတစ်ဖုံ့ စွန့်လွှတ်မဲ့ကြ
ရယ်ကြပြန်၏။
တစ်ဖန် နောက်လှည့် ရှုးစမ်းမိက
ပွဲကြည့်သူလည်း ငါဖြစ်နေတကား။
(စာ-၁၄၁) မောင်ယဉ်မွန်

ထွက်ပြေးသူတစ်ဦး
ဖုံသောသောတည့်
မျောစီးဝေ့ကျန် မြင်းခွာသံနောက်
ဖျောက်၍ ပျောက်၍။
သစ်တောအုပ်လည်း
မြုပ်ချည်ပေါ်ချည် မှုန်ရီရေးရေး
ဝေး၍ သေး၍။
တိုက်တာတွေ တဲပုတ်တွေ
လူနေအိမ်ခြေတွေ
သွေဖည်ခွာပစ် နေရစ်ကြကုန်
မှုန်၍ တုန်၍။
ဆိုင်းဘုတ်များ ရုပ်ပုံကားများ
လွှားကျော်ချန်ထား
မှား၍ ဝါး၍။
မြေပြင်မထိ လမ်းမအိတွဲ
တိမ်စိုင်ထဲတိုး မိုးသို့အတက်
မြင်းစက်တွယ်ဖက် လက်ချင်းဆက်နိ
ရင်ဖိုရာမှ တုံ့ခနဲရပ်သွား။
ကျန်ရစ်ခဲ့ပြီ
ထားရစ်ခဲ့ပြီ ဝေးရစ်ခဲ့ပြီ
ထင်မိခဲ့သော ထွက်ပြေးခဲ့ရာ
အကာများ အလွှာများ
နေရာများ ဘွားဆို ပြန်တွေ့
တစ်ဖဝါးတောင် မရွေ့
ပွဲဈေးတန်းက မြင်းစီးသမား
ချားရဟတ်ပေါ်မှာ မူးချာပတ်ချာ
ရီဝေစွာလေ။
(စာ-၁၄၂) သိုက်ထွန်းသက်

ဂေါ်ဝိန်ရဲ့ အတ္ထုပ္ပတ္တိ
ဂေါ်ဝိန်ဟာ
အိပ်ရာက နိုးပြီဆို
ခိုတောင်မုန့်တီတစ်လုံးစားတယ်။
ဂေါ်ဝိန်ဟာ
လက်ပံပွင့်တွေ ကြွေတဲ့အခါ
နွေဘွဲ့ ကဗျာစပ်တယ်။
ဂေါ်ဝိန်ဟာ
ဝါခေါင်လတွေမှာ
ရေဝတီနဲ့ ရန်ဖြစ်တယ်။
ဂေါ်ဝိန်ဟာ ငှက်မှောက်လို့
အသက်ပျောက်သွားရှာတဲ့
နွားနို့သည် မိန်းကလေးအတွက်
မျက်ရည်စက်လက် ဖြစ်ဖူးတယ်။
ဂေါ်ဝိန်ဟာ
ပတ္တမြားစေတီဘုရားပွဲမှာ
သနပ်ခါးဘဲကြားနဲ့ ကဖူးတယ်။
ဂေါ်ဝိန်ဟာ
ဘိလပ်မြေသမ္မန်ပေါ်က
ဆံညှပ်တစ်ချောင်း ကောက်ရဖူးတယ်။
ဂေါ်ဝိန်ဟာ
ဆိပ်ကမ်းလုပ်သားကြီးနဲ့အတူ
အရက်ဖြူသောက်တတ်တယ်။
ဂေါ်ဝိန်ဟာ
ကမ်းနားဈေးထဲမှာ
ငွေတိုးလည်း ဈေးယူဖူးတယ်။
ဂေါ်ဝိန်ဟာ
နွေခေါင်ခေါင်
သောင်ထွန်းရေကြောင်းကျပ်လို့
သင်္ဘောတွေ မကပ်နိုင်တဲ့အခါ
လင်းတအိုလို မှိုင်တတ်တယ်။
ဂေါ်ဝိန်ဟာ
ကင်းဝန်မင်းကြီးဦးကောင်းနဲ့အတူ
လူလိမ်ခံရဖူးတယ်။
ဂေါ်ဝိန်ဟာ
မင်းဝံတောင်တန်းမှာ
နှင်းဆီပန်းလေး ပွင့်နေရင်
အနာဂတ်ဗေဒင်တွက်ရင်း
လောကလေးချွန်ပါရော။
(စာ-၁၂၈) သိုက်ထွန်းသက်

ဝတ်မှုန်ကူးခြင်း
လေညင်း လိပ်ပြာ
မင်္ဂလာရသ ဆွဲ့အသွားပြီ။
(စာ-၁၅၈) သိုက်ထွန်းသက်

'ဆင်တူရောင်ကွဲဂေါ်ဝိန်' ဝတ္ထုထဲက ကဗျာတွေ စစ်တမ်းကောက်ယူကြည့်လိုက်တော့ စုစုပေါင်း ၁၉ ပုဒ် ရှိသည်။ ဆရာ သိုက်ထွန်းသက်၏ ဘဝရုပ်ပုံလွှာကို ပို၍ပီပြင်အောင် ထိုကဗျာများက အထောက်အပံ့အဖြစ် သက်ဝင်နေသည်။

ဂေါ်ဝိန်သည် ဆရာ သိုက်ထွန်းသက်ကိုယ်တိုင်ဖြစ်နေပြီး ဆရာ သိုက်ထွန်းသက်သည်ပင် ဂေါ်ဝိန်ဖြစ်လို့နေသည်။ ထို့ကြောင့် ကျွန်တော်ကတော့ ဆရာ ရဲသျှမ်းပြောသလို ဂေါ်ဝိန်သည် အဆင်ပဲ တူတူ၊ အရောင်ပဲ ကွဲကွဲ သေချာသည်မှာ 'ကဗျာတွေရွတ်ပြီး လောကလေးချွန်တဲ့ ဂေါ်ဝိန်'ဟု မြင်မိပါသည်။



# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ပြုလုပ်



**မကွေး စက်တင်ဘာ ၇**

စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲသို့ မကွေးခရိုင်၊မင်းဘူးခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အဆိုပါပြိုင်ပွဲတွင် "From Science to global action" အိုဇုန်းလွှာကာကွယ်ရေးသိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့် အခြေခံပညာ အထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၂၆ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၃၄ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၆၀ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

(အပေါ်ဝဲပုံ)

**မောင်နိုင်မင်း(ပြန်/ဆက်)**

# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့် ကဗျာပြိုင်ပွဲပြုလုပ်

**မန္တလေး စက်တင်ဘာ ၇**

ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသိပညာ ဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ကဗျာပြိုင်ပွဲကို ချမ်းအေးသာစံမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းက ပြုလုပ်သည်။

အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၏ အသိပညာမြင့်မားစေရန်အတွက် မြို့နယ်အဆင့် ကဗျာပြိုင်ပွဲကို မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဝါဝါကျော်က ဦးဆောင်ပြုလုပ်ခဲ့သည်။

ကဗျာပြိုင်ပွဲ ကျင်းပခဲ့ရာ အထက်တန်းအဆင့် အနေဖြင့် 'ပညာပြည့်ဝနှလုံးလှ' ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး၊ အလယ်တန်းအဆင့်အတွက် 'ထာဝရအလင်းရှင်' ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး ဖြေဆိုခဲ့ကြပြီး အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**



# ရတနာပုံတက္ကသိုလ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ပြုလုပ်

**မန္တလေး စက်တင်ဘာ ၇**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တွင် အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) အထိမ်းအမှတ် တက္ကသိုလ်အဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ အဆောင်(၃၁)၌ ပြုလုပ်သည်။

စာစီစာကုံးပြိုင်ပွဲတွင် 'ခံယူထိုက်စေ ဆရာ့အမွေ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် 'ဆရာသခင် ကျေးဇူးရှင်' ခေါင်းစဉ်ဖြင့် ပြုလုပ်ရာ ဘွဲ့ကြိုသင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်းသင်တန်း၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာသင်တန်းများတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(အပေါ်ပုံ) (ဝ၈၂)**

(၆၁)နှစ်ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့၊ အမှတ်(၁)တပ်ဖွဲ့ခွဲ(မန္တလေး)မှ ယာယီဒုတိယရဲမှူးကြီး ဝင်းမြင့်အောင် ဦးစီးပြီး အမှတ်(၁)တပ်ဖွဲ့ခွဲ(မန္တလေး)၊ အမှတ်(၄)တပ်ခွဲ(မန္တလေး)၊ မန္တလေးရထားရဲစခန်းတို့မှ ရဲတပ်ဖွဲ့ဝင်များက ချမ်းအေးသာစံမြို့နယ်၊ ဟေမာစလရပ်ကွက်၊ မြန်မာ့မီးရထားဆေးခန်းဝင်းအတွင်း စက်တင်ဘာ ၇ ရက်က ချုံနွယ်ပေါင်းမြက်ရှင်းလင်းခြင်း ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်စဉ်။ (ကဆ)






ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး

# တောင်သူနှင့် မိုး

* အဟုတ်ပါအစဉ်
မိုးရွာလျှင် စိတ်ရွှင်ပျ ။
သီးနှံအစုံ အထွက်တိုးလို့
ကောင်းကျိုးတွေရ ။

* တောင်သူတွေ စိတ်ထားလှ
လွန်ပြည့်ဝ စိတ်ကြည်ဖြူ
ပြုကြအလှူ ။
သဒ္ဓါကောင်းတဲ့ တို့တောင်သူ
စေတနာဟူ ပေါလျှံများ ။
ဂုဏ်မငယ် ရိုးဖြောင့်လွန်းတော့
ဖြစ်ထွန်းစီးပွား ။

* နိဗ္ဗာန်ရည် စိတ်စွမ်းအားနှင့်
သဒ္ဓါတရား ထင်ပေါ်လွှင် ။
မိုးရွာသော် လုပ်ငန်းဆင်း
လယ်ကွင်းထဲတွင် ။
အားထုတ်ကြ လုပ်ငန်းခွင်
ထွန်တုံးပြင် တေးသံလွှမ်း ။
ပြည့်ဝမ်းစာ ဖူလုံရေးကိုလ
(ကွယ် ·····) ရှုတွေး ကြိုးပမ်း ။ ။

**ချာန်လေး(ပညာရေး)**

# သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲ ပြုလုပ်

**မြစ်သား စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ပါက ဆောင်ရန်၊ရှောင်ရန်နှင့် ကြိုတင်ပြင်ဆင်နိုင်ရန် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က သဘာဝဘေးအန္တရာယ် အသိပညာပေး ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြား၍ ငလျင်ဘေးအန္တရာယ်၊ မြေပြိုဘေးအန္တရာယ်နှင့် မုန်တိုင်းဘေးအန္တရာယ်ဆိုင်ရာ သဘာဝဘေးအန္တရာယ်များနှင့် ကြုံလာပါက လက်တွေ့အသုံးပြုရမည့် အသိပညာများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေး၊ ငလျင်ဘေးအန္တရာယ်၊ မြေပြိုဘေးအန္တရာယ်နှင့် မုန်တိုင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**ဝါဝါမြင့်(မြစ်သား)**

* - * - * - * - * - * - *



# မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၃၂)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်ရှိ ဘုံဆွမ်းလောင်းအသင်း၏ (၃၂)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို တော်သလင်းလပြည့် နံနက် ၅ နာရီခွဲက ၃၅လမ်းနှင့် ၆၉ လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်၊လေးရပ်မှ ကြွရောက်တော်မူလာကြသည့် သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ကြက်သားဟင်း၊ ကုလားပဲနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်း ၁၂ စုံ၊ နဝကမ္မဝတ္ထုငွေကျပ် ၁၂၀၀၀၀ တို့ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်း အသင်းတည်ထောင်သူ ဦးနေမင်းဦး+ ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ ဦးညီညီစံ(ဖိုက်ဘာဂလပ်စ် မိသားစု)တို့က သင်္ကန်းနှစ်စုံနှင့် နဝကမ္မဝတ္ထုငွေများ၊ ကိုမျိုးဝင်း+ မအိအိချော(ကောင်းထက်မဟာမိသားစု၊ ကာဇာတိုင်းပြည်မိသားစုများ)၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်းမိသားစု၊ ဦးသာအေးနှင့် ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန်နှင့်သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ ဒေါ်ခင်ချိုဝင်းမိသားစု၊ မောင်ဆွေနိုင်ကို မိသားစု၊ ဦးချိန်စီ+ ဒေါ်တွမ်ဟိုက်လန့်တို့အား အမျှထား၍ (သား)မောင်ကျော်သက်ဦး မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်လွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့်ညီအစ်ကိုမောင်နှမတစ်စု၊ ဦးစံသာ+ဒေါ်အုန်းစိန်တို့အား အမျှထား၍ Golden Key Cafe မိသားစု၊ရပ်ကွက်သူ၊ရပ်ကွက်သားများနှင့် ဘုံဆွမ်းလောင်းအသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါဘုံဆွမ်းလောင်းအသင်းသည် လစဉ် မြန်မာလဆန်း ၁ ရက်နေ့တွင် သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင်လည်းကောင်း၊ လစဉ် လပြည့်နေ့များတွင် ၃၅လမ်းနှင့် ၆၉ လမ်းထောင့်တွင်လည်းကောင်း ဘုံဆွမ်းလောင်းလှူလျက်ရှိရာ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၄၀)

*- *- *- *- *





# ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်

**မန္တလေး စက်တင်ဘာ ၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်၍ မျက်နှာသုတ်ပဝါများအား တစ်ပါးချင်းစီ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (မွေ့စရိယ၊ B.A)က ဟောကြားချီးမြှင့်သော ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကြပြီး မန္တလေးမြို့၊ မြို့သစ်ရပ်နေ အလှူရှင် ဦးချစ်တိုး+ ဒေါ်တင်တင်ညို၊ (သမီး)မသက်သက်ဦး၊ မရတနာဦး၊ မမြတ်ဆုမွန် မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၃၈သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ငါးသိန်း၊ စုစုပေါင်းငွေကျပ် ၄၃သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာယကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်း၊ အဖွဲ့ဝင် ဦးမြင့်စိန်တို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(PNT)**

# ရာသက်ပန်ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်း

**မန္တလေး စက်တင်ဘာ ၇**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ ပထမအကြိမ် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ရာသက်ပန်ဆွမ်းပဒေသာပင် အလှူတော်ငွေ စိုက်ထူလှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အလှူရှင် ကွယ်လွန်သူများဖြစ်ကြသော (ခင်ပွန်း) ဦးအုန်း (မြန်မာ့သစ်လုပ်ငန်း၊ လက်ထောက်မန်နေဂျာ)၊ (သမီး) မမြင့်မြင့်ဝင်းတို့အားရည်စူး၍ ဒေါ်မြသန်းနှင့် သားသမီးမြေးတစ်စု အမှတ်(၄၈)၊၁၈လမ်းနှင့်၁၉လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားဘုရင်ထင်၊ မန္တလေးမြို့က ပါမောက္ခချုပ်ဆရာတော်ကြီး အမှူးပြုသော သင်ကြားစီမံဆရာတော်များ၊ စာသင်သားရဟန်း သံဃာတော်အရှင်မြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်မိသားစုက (ပထမအကြိမ်)ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေကျပ်သိန်း ၁၀၀ တိတိကို ဒုတိယပါမောက္ခချုပ် (စီမံ)ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တပဒုမသာရထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားဟောကြားချီးမြှင့်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၁)



# မှုဆယ်လူမှုကူညီရေးအသင်းက စုပေါင်းဘုံဆွမ်းလောင်းလှူ



**မန္တလေး စက်တင်ဘာ ၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း(၈၀)ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့ကဦးစီး၍ (၁၂)ကြိမ်မြောက်၊ နဝမအပတ် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၆ နာရီက ကျင်းပသည်။

ထိုဘုံဆွမ်းလောင်းလှူပွဲတွင် သံဃာတော်အရှင်သူမြတ်များအား ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့နှင့်အတူ မန္တလေးမြို့၊မှုဆယ်လူမှုကူညီရေးအသင်းက ဆွမ်း၊ ဆွမ်းဟင်းနှင့် အရံဆွမ်းဟင်းများ လောင်းလှူကြပြီး အမျိုးသမီးအဖွဲ့ဝင်များကလည်း လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများလောင်းလှူကြသည်။

အဆိုပါ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းအနေဖြင့် ယခုလပြည့်ဥပုသ်နေ့တွင် အနောက်ထီးလင်းကျောင်းမှ ပင့်သံဃာ ၁၂၅ ပါးနှင့် ဝွေးချိုတိုက်မှ သံဃာတော် ၁၂၅ပါး၊ စုစုပေါင်း သံဃာတော်အပါး ၂၅၀တို့အား ပင့်ဖိတ်၍ (၁၂)ကြိမ်မြောက် နဝမအပတ်အဖြစ် ကုသိုလ်ပြုဘုံဆွမ်းလောင်းလှူခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၀၉၃)**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့၊ အမှတ်(၃)တပ်ခွဲ (ရွာထောင်)မှ တပ်ခွဲမှူး ဒုရဲမှူး ကြံထွန်း ဦးစီးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ရွာထောင်မီးရထားရပ်ကွက်၊ သုခချမ်းသာဓမ္မာရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြစဉ်။

(ကဆ)



# (၁၈)ကြိမ်မြောက် ကထိန်အစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၇**

မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဘာဝနာဠာန ဘဒ္ဒန္တတိက္ခ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်၊ နယ်စပ်တောင်တန်းနှင့်ကမ်းရိုးတန်းဒေသ၏ (၁၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ဖြစ်မြောက်ရေး အစည်းအဝေးကို စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါအသင်းချုပ်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး ဥက္ကဋ္ဌ ဦးလှဝင်းက အဖွင့်အမှာစကားနှင့် ကထိန်လုပ်ငန်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။

ထို့နောက် (၁၇)ကြိမ်မြောက် ကထိန်ကိစ္စနှင့်ပတ်သက်ပြီး အားနည်းချက်၊ အားသာချက်အချို့ကို ဖြည့်စွက်ဆွေးနွေးကြပြီး မွန်းလွဲ ၂ နာရီတွင် အခမ်းအနားအား ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်၍ ရုပ်သိမ်းခဲ့သည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ အသင်းကော်မတီဝင်များ၊ အသင်းခွဲနှင့် အသင်းထောက်များ၊ အလှူရှင်တချို့တို့ တက်ရောက်ကြပြီး ယခုနှစ်တွင် ကထိန်ပဒေသာပင်ခင်း၍ ကုသိုလ်ယူလိုပါက ဘုန်းကြီးကျောင်းတစ်ကျောင်း၊ တစ်ပင်စာအတွက် ငွေကျပ် ၁၁၀၀၀၀ ဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၄၉)

*- *- *- *- *



# မန္တလေးရှေ့နေအသင်း ဒသမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးရှေ့နေများကန်တော့ပွဲ

မန္တလေးရှေ့နေအသင်း(အသင်းမှတ်ပုံတင်အမှတ်-၂/မန္တလေး/၀၀၅)၏ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနဲ့ သက်ကြီးရှေ့နေများ ကန်တော့ပွဲ အခမ်းအနားကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်းနှင့် ၆၂ လမ်းထောင့်၊ မဟာဝိဇိတာရုံကျောင်းတိုက်၌ ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆုတ် ၁၁ ရက်၊ တနင်္ဂနွေနေ့ ဇူလိုင် ၂၀ရက်၊ နံနက် ၈ နာရီက ကျင်းပရာ ကျောင်းထိုင်တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ယာနိက(ရွှေခြံဆရာတော်)အမှူးပြုသော သံဃာတော် ၁၀ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ကပ်လှူပူဇော်ကန်တော့ခဲ့ကြပါတယ်။

ရှေးဦးစွာ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား ဝါဆိုသင်္ကန်းများ ကပ်လှူကြပါတယ်။ သံဃာတော် ၁၀ ပါးအတွက် သင်္ကန်း ၁၀ စုံ၊ တန်ဖိုးငွေကျပ် ၁၀သိန်း၊ရေစက်ချတရားဟောဆရာတော်အတွက် နဝကမ္မအလှူငွေကျပ် တစ်သိန်း၊ ကျန်သံဃာတော် ကိုးပါးအတွက် တစ်ပါးလျှင် ငွေကျပ်ငါးသောင်းစီဖြင့် ငွေကျပ် ၄၅၀၀၀၀နှင့် သံဃာတော်များအား ဆွမ်းကပ်ငွေကျပ် ၁၀ သိန်း၊ စုစုပေါင်းလှူဒါန်းမှုတန်ဖိုးမှာ ငွေကျပ် ၂၅၅၀၀၀၀ ဖြစ်ပါတယ်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တယာနိက(ရွှေခြံဆရာတော်)က တရားချီးမြှင့်သည်မှာ လူတွေဟာ ပုထုဇဉ်မှန်သမျှ ကောင်းတာတွေလည်းရှိတယ်။ မကောင်းတာတွေလည်း ရှိတယ်။ ဂုဏ်လည်း ရှိတယ်။ အပြစ်လည်း ရှိတယ်။ ဂုဏ်နဲ့ အပြစ် မကင်းနိုင်ကြတာဖြစ်တဲ့အတွက် တစ်ဦးနဲ့ တစ်ဦးကြည့်တဲ့အခါ ကောင်းတာတွေကို ကြည့်ပါ။ ဂုဏ်ကျေးဇူးကိုပဲ ကြည့်ပါ။

ခရီးသွားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ နေကပူတယ်။ ရေကလည်း ဆာတယ်။ ရေလိုက်ရှာတဲ့အခါကျတော့ တောစပ်တစ်နေရာ ချုံဘေးမှာ ရေအိုင်ကိုတွေ့တယ်။ အခြားဘယ်မှာမှ မတွေ့ဘူး။ သောက်တော့မယ်လုပ်လိုက်တော့ ရေကသောက်လို့မဖြစ်ဘူး။ ရေပေါ်မှာတင်နေတဲ့ အမှိုက်တွေက ရှိနေတယ်။ ထိုအမှိုက်တွေကို လက်နဲ့ဖယ်ရှားပြီးမှ ရေကို သောက်ရတယ်။ အဲ့ဒီလို ရေသောက်သလိုပဲ တစ်ယောက်နဲ့တစ်ယောက်ဟာ အရိယာနယ်ပယ်မရောက်သေးသမျှ ဂုဏ်ရော၊ အပြစ်တွေရော ရှိနေကြမယ်။ တစ်ယောက်နဲ့တစ်ယောက် ဂုဏ်ကျေးဇူးကိုပဲ ကြည့်ပါ။ အပြစ်ကို မကြည့်ပါနဲ့။ အမှိုက်နဲ့တူတဲ့ အပြစ်တွေကို ဖယ်ရှားပြီး ဂုဏ်ကျေးဇူးတွေကို ကြည့်ပါလို့ ဟောထားတာရှိတယ်။

ဒီကောင် အပြစ်မဖြစ်ဖြစ်အောင်ကို ကြည့်လိုက်မည်ဟူသောပုံစံမျိုးနှင့် ဘယ်တော့မှမကြည့်ပါနဲ့။ အပြစ်ကို မတွေ့တွေ့အောင် ရှာလိုက်မယ်ဆိုတဲ့ပုံစံမျိုးနဲ့ မလုပ်ပါနဲ့။ အပြစ်မဖြစ်တာလည်း သူ့မှာရှိမှာပဲဆိုပြီးတော့ စိတ်ထဲမှာ နှလုံးသွင်းပြီး ကြည့်ပါ။ အဲ့ဒီလို ကြည့်ရင်း ကြည့်ရင်းနဲ့ အပြစ်ကိုမြင်ရင် တန်းပြီးမပြောလိုက်ပါနဲ့ဦး။ အကြိမ်ကြိမ်၊ အဖန်ဖန်၊ အထပ်ထပ်၊ အခြားပညာရှင်ပုဂ္ဂိုလ်များ နှင့်တိုင်ပင်ပြီးတော့ ညှိနှိုင်းပြီးတော့မှ အပြစ်ကို ဆုံးဖြတ်ပါ။ အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီး ဦးဇနက မှတ်ချက်ရေးသားထားတာက "အစိုးရရှေ့နေများကဲ့သို့ အပြစ်ရောက်မည့်ဘက်မှ မကြည့်ရ။ တရားခံ၏ရှေ့နေဘက်မှ အပြစ်မဖြစ်သည့်ဘက်မှ ကြည့်ရမည်" ဟု ဒုတိယပါရာဇိကအဋ္ဌကထာနိဂုံးမှာ ရှင်းရှင်းလင်းလင်းပြဆိုထားတယ်။

မန္တလေးရှေ့နေအသင်းဟာ ဘယ်နေရာမှာပဲ ကြည့်ကြည့် ရှေ့ကနေရမည်။ ဒါနဆောက်တည်ရာမှာလည်း နောက်မကျရဘူး။ သီလနဲ့ကုသိုလ်ကောင်းမှုတွေ ပြုရာမှာလည်း နောက်မကျရဘူး။ အများအကျိုးဆောင်ရွက်ကြတယ်။ နောက်မကျရဘူး။ ရှေ့ကနေ ရောက်နေရမယ်။ ဓမ္မကောင်းကျိုးအတွက်လည်း ရှေ့ကနေတယ်။ ဒီဘဝ ဒီခန္ဓာရလာလို့ ဒီဘဝမှာ ရပ်တည်ဖို့အတွက် စားရေး၊ နေရေး၊ ကျန်းမာရေးအတွက် ရှေ့နေအလုပ်ကို လုပ်ကြရတယ်။ ရှေ့ဆက်ပြီးတော့ မျှော်မှန်းလိုက်တဲ့အခါကျတော့ ငါတို့ဟာ သံသရာခရီးသွားတွေဖြစ်ကြတယ်။ ဒီဘဝမှာရှေ့နေတွေဖြစ်တာ နောက်ဘဝ ရှေ့နေတွေဖြစ်မလား၊ မဖြစ်ဘူးလား မသိဘူး။ ဘယ်ဘဝရောက်မယ်မှန်းမသိဘူး။ ဘာနဲ့အသက်မွေးဝမ်းကျောင်းပြုရမှန်းလဲ မသိဘူး။ ဘုန်းကြီးလည်း မသိဘူး။ သိတာက ဘာလဲ ဆိုတော့ သာသနာနဲ့တွေ့ကြုံတယ်။ သိတတ်တဲ့ အသိဉာဏ်ရှိတဲ့ လူ့ဘဝကိုရတယ်။ ရရှိလာတဲ့ ကာလအတွင်းမှာ ရှင်သန်ရတဲ့ဘဝတစ်ခုကို ကြုံဆုံရတဲ့အခိုက်ကာလ၌ ကိုယ့်ဘဝကို အကောင်းဆုံးဖြစ်အောင် ကိုယ့်ကိုယ်ကိုယ်လည်းပဲ ကြည်နူးနေအောင်၊ပတ်ဝန်းကျင်က မြင်ရင်လည်းပဲ မြင်နိုင်တဲ့ ဉာဏ်မျက်စိရှိတဲ့ ပုဂ္ဂိုလ်တွေ၊ သူတစ်ပါး၏ စိတ်ကို ထိုးထွင်းပြီး သိနိုင်တဲ့သူတွေဆိုတာ လောကမှာရှိတယ်။ တန်ခိုးကြီးမားတဲ့ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ ပုထုဇဉ်မို့လို့ ကိလေသာ မကုန်သေးတာ မှန်တယ်။ ငါရဲ့စိတ်ကို ဘယ်ပုဂ္ဂိုလ်ပဲ ဖြစ်ဖြစ် ကြိုက်သလိုကြည့်။ နောက်ဆုံး မြတ်စွာဘုရားပဲဖြစ်ဖြစ်၊ သိကြားမင်းပဲဖြစ်ဖြစ် ကြည့်၊ အဲ့ဒီလိုမြင်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ကြည့်တာ အကြည့်ခံနိုင်သလား။ အကြည့်ခံနိုင်အောင် အဝိဇ္ဇာဖုံးနေတဲ့ မောဟတွေ များနေတာကို မများအောင်၊ အများအမြင်မှာလည်း ဒါဟာ မြတ်စွာဘုရားက ကိုယ့်စိတ်ကို ဖြူစင်အောင်ထားလို့ဆိုတယ်။ ကိုယ့်စိတ်ကို ကြည်ကြည်လင်လင်တည်ဆောက်။ ဒီလိုဆိုရင် ဘဝဟာ နေပျော်တာပေါ့။ အမြင့်ကို တက်နေတဲ့ ပုဂ္ဂိုလ်ဟာ ခြေထောက်က ချော်သွားရင် ပြုတ်မကျအောင် လက်ကမြဲနေရမယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာနဲ့ ကြုံခိုက်မှာ သောတာပန် မဖြစ်သေးသ၍ ဘဝဟာ စိတ်မချရသေးဘူး။ သောတာပန်ဖြစ်မှ စိတ်ချရတာ။ အရှင်ဘုရား၊ တခြားအားကိုးစရာ မရှိဘူးလားဆိုတော့ မြတ်စွာဘုရားက သောတာပန်နဲ့တူတဲ့ စိတ်ခုနစ်မျိုးဟာ ကိုယ့်အိမ်ပဲ။ သောတာပန်ဖြစ်မှ စိတ်ချရတာ တခြားဘယ်ကိုမှ မသွားဘူး။ သောတာပန်ဖြစ်အောင် အားမထုတ်နိုင်လို့ စိတ်မပျက်နဲ့။ အလားတူတဲ့ကုသိုလ်ကောင်းမှု ခုနစ်ပါးရှိတယ်။ လွယ်ကူအောင် လင်္ကာလေးနဲ့ သီကုံးထားတယ်။ "တိသရဏ၊ ငါးသီလ၊ မဲချစာရေးတံ၊ ဝါဆိုသင်္ကန်း၊ လစဉ်ဆွမ်း၊ လှူဒါန်းကျောင်းရေကန်၊ သောတာပန်နှယ်၊ ဂုဏ်ရည်ကြွယ်အပွါယ်လွတ်ကင်းပြန်" အဲ့ဒီလိုလှူဒါန်းတဲ့ ပုဂ္ဂိုလ်ခုနစ်မျိုးဟာ သောတာပန်နဲ့ အလားသဏ္ဌာန်တူတယ်။ အဲ့ဒီလို ကုသိုလ်ကောင်းမှု ခုနစ်မျိုးရှိတဲ့ ပုဂ္ဂိုလ်များဟာ အပါယ်တံခါးပိတ်တယ်။ အပါယ်မရောက်၊ ခုနစ်ယောက်ဖြစ်တယ်။

မန္တလေးရှေ့နေကြီးများအသင်းက (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်တာဟာ ကိုယ့်ဘဝကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ကြ၊ အထက်တန်းအကျဆုံးဖြစ်အောင် တည်ဆောက်ကြတာဖြစ်တယ်။ အမေရိကန်နိုင်ငံတက္ကသိုလ်တစ်ခုမှ ကျောင်းအုပ်ဆရာကြီးတစ်ယောက်က ပြောဖူးတယ်။ အဲ့ဒါက "ကျွန်ုပ်ရဲ့အလုပ်မှာ ကျွန်ုပ်ဟာ မရှိရင်မဖြစ်တဲ့ လူဖြစ်အောင် ကြိုးစားတည်ဆောက်တယ်" ဟူ၍ ဖြစ်ပါတယ်။ ဝါဆိုသင်္ကန်းလှူခဲ့ကြတာဟာ (၁၀)ကြိမ်မြောက်တောင်ရှိသွားပြီဆိုတော့ ငယ်တဲ့ရှေ့နေများက ဆက်လုပ်ကြပါ။ မန္တလေးရှေ့နေအသင်းမှ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးရှေ့နေကန်တော့ပွဲပြုလုပ်ပြီး လှူဒါန်းကြသည့် ဒါန၊ ဆောက်တည်ကြသည့် သီလ၊ ပွားများကြသည့် ဘာဝနာတို့ကြောင့် လူ့ပြည်မှာရှိတဲ့ လူ့ချမ်းသာ၊ နတ်ပြည်မှာရှိတဲ့ နတ်ချမ်းသာ၊ နိဗ္ဗာန်ဆိုတဲ့ ချမ်းသာထူး၊ ချမ်းသာမြတ်ကို မုချပိုင်ပိုင် ရနိုင်ကြပါစေကုန်သတည်းဟု ဆရာတော်က ဟောကြားသွားပါတယ်။ တက်ရောက်လာသူအပေါင်းတို့က သာဓု၊ သာဓု၊ သာဓုဟု ခေါ်ဆိုကြသည်။ ထို့နောက် ရေစက်ချပြီး အမျှအတန်း ပေးဝေကြပါတယ်။



နံနက် ၉ နာရီမှာ သက်ကြီးရှေ့နေများ ကန်တော့ပွဲကို အခမ်းအနားအစီအစဉ် (၇)ရပ်နဲ့ ကျင်းပပြီး သက်ကြီးရှေ့နေများကို သက်လတ်၊ သက်ငယ်နှင့် အလုပ်သင်ရှေ့နေများက လက်အုပ်ချီကာ ရှိခိုးကန်တော့ကြပါတယ်။ ကန်တော့ချိုးကို တရားလွှတ်တော်ရှေ့နေ ဦးစိုးမိုးထိုက်မှ တိုင်ပေးပြီး ကျန်ပုဂ္ဂိုလ်များက ညီညာဖြဖြ လိုက်ဆိုကာ ကန်တော့ကြပါတယ်။ "ကျွန်တော်၊ကျွန်မတို့သည် သက်ကြီးရှေ့နေများအား ကံသုံးပါးတို့မှ တစ်ပါးပါးသော ကံတို့ဖြင့် ပြစ်မှားမိခဲ့သည်ရှိသော် ခွင့်လွှတ်ကြပါရန် လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ဂါရဝေါစ၊ နိဝါတောစ ဟူသော မင်္ဂလာတရားတော်နဲ့အညီ ရှိခိုးကန်တော့ကြပါ၏" ဟူ၍ ရွတ်ဆိုကန်တော့ကြပါတယ်။ ထို့နောက် သက်ကြီးရှေ့နေ(၇၅နှစ်အထက်) တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီ၊ စုစုပေါင်း သက်ကြီးရှေ့နေ ၂၅ ဦးအတွက် ငွေကျပ် သိန်း ၅၀ကို ပေးအပ်ကန်တော့ကြပါတယ်။

သက်ကြီးရှေ့နေကြီးများအား ကန်တော့ပွဲကျင်းပရသည့်အကြောင်းကို သဘာပတိ အသင်းဥက္ကဋ္ဌ ဦးဝမ်းမောင်မှ ရှင်းလင်းတင်ပြသည်မှာ ယခုလို သက်ကြီးရှေ့နေကန်တော့ပွဲများ ကျင်းပလာခဲ့တာဟာ (၁၀)ကြိမ်မြောက်ရှိပြီဖြစ်ပါတယ်။ ဆက်လက်ပြီး ကျင်းပနိုင်ဖို့အတွက် အသင်းဝင်ကြေးများ ထည့်ဝင်ကြရန် မေတ္တာရပ်ခံပါသည်။ ထို့နောက် ကန်တော့ခံဆရာကြီး တရားလွှတ်တော်ရှေ့နေ ဦးသောင်းအေးမှ ဩဝါဒစကားပြောကြားရာမှာ မန္တလေးရှေ့နေများအသင်းသို့ အရင်စာရင်းသွင်းထားတဲ့ ရှေ့နေကြီးများဟာ အကြောင်းမတိုက်ဆိုင်လို့ မဝင်ဖြစ်ကြတာလည်းဖြစ်မယ်။ အသင်းဝင်ဝင်၊ မဝင်ဝင် သက်ကြီးရှေ့နေများကို ကန်တော့ထိုက်ပါတယ်။ ဒီသက်ကြီးရှေ့နေတွေ ကန်တော့ခံ တက်ရောက်လာတော့ ကျွန်တော်တို့အတွက် ဂုဏ်ရှိတယ်။ မင်္ဂလာရှိတယ်ပေါ့။ ဒါ့ကြောင့် နောင်နှစ်တွေမှာတော့ သက်ကြီးရှေ့နေများအားလုံးကို ကန်တော့ကြစေချင်ကြောင်း ပြောကြားခဲ့ပြီး အခမ်းအနားကို နံနက် ၁၀ နာရီတွင် ရုပ်သိမ်းကာ တက်ရောက်လာကြသော ပုဂ္ဂိုလ်အပေါင်းတို့အား နံနက်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြပါတယ်။

**ဦးလေးမောင်(တရားလွှတ်တော်ရှေ့နေ)**



❖ တပ်မတော်သည်ပြည်သူလူထုမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော် ဖြစ်ပြီး နိုင်ငံတော်ကိုကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တပ်မတော်နှင့် ပြည်သူတစ်သားတည်း ရပ်တည်မှုသည် နိုင်ငံတော်ကာကွယ်ရေးအတွက် အခြေခံပံ့ပိုးမှုတစ်ရပ်ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ ချီကျင့်မြို့၌ ကြည့်ရှုလေ့လာ

ချီကျင့် စက်တင်ဘာ ၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ချီကျင့်မြို့ မာလုံဒေသ၊ ကျန်းယိဒေသနှင့် ချီလင်ဒေသတို့သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မာလုံဒေသရှိ ကျန်းကျိုးဟောင်ယွှန့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းစုသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လုပ်ငန်းစုဆိုင်ရာအချက်အလက်များ၊ ဘက်ထရီတပ်ဆင်အသုံးပြုသည့်သယ်ယူပို့ဆောင်ရေးကုန်တင်ယာဉ်ကြီးများနှင့်ပတ်သက်၍ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ အာမခံပေးခြင်း၊ သက်တမ်းပြည့်ကားများ ပြန်လည်သိမ်းဆည်းခြင်း လုပ်ငန်းများအား ဝန်ဆောင်မှုပေးနေမှု၊ ဒစ်ဂျစ်တယ်စနစ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ထိန်းချုပ်ရေးစင်တာမှ စောင့်ကြပ်ကြည့်ရှုထိန်းချုပ်ပေးနေမှု၊ ကုန်တင်ယာဉ်များ၏ ဘက်ထရီများအား အချိန်တိုအတွင်း အားဖြည့်ခြင်း၊ လဲလှယ်တပ်ဆင်ခြင်းများ ဆောင်ရွက်ပေးနေမှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘက်ထရီအသုံးပြု စွမ်းအင်သစ်ကုန်တင်ယာဉ်များ၏ ဓာတ်ခဲလဲလှယ်မှုလုပ်ငန်းစဉ်ကို လက်တွေ့ပြသရာ ဘက်ထရီလဲလှယ်ခြင်း ဆောင်ရွက်ရာတွင် အချိန် နှစ်မိနစ်နှင့် ဘက်ထရီအားသွင်းခြင်းအတွက် အချိန် ၁၅ မိနစ်သာ ကြာမြင့်မှုကို လက်တွေ့ပြသသည်။

ကျန်းကျိုးဟောင်ယွှန့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းစုကို ၂၀၂၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကုန်းလမ်းကုန်စည်ပို့ဆောင်ရေး၊ စက်ယန္တရားများ ငှားရမ်းခြင်း၊ နည်းပညာဆိုင်ရာဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းရည်မြင့်မားသော အလို့ငှါ ပစ္စည်းရောင်းချခြင်းနှင့် ခေတ်မီသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိကာ ယူနန်ပြည်နယ်တွင် ထိပ်တန်းအဆင့်ရှိသည့် လုပ်ငန်းစုတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းနောက် ထူကွားချုံးရွာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကျေးရွာဆိုင်ရာအချက်အလက်


ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ ချီလင်ဒေသရှိ ချီလင်ရေပေါ်ဥယျာဉ်၌ ကြည့်ရှုလေ့လာစဉ်။

များ၊ ထူကွားချုံးရွာအား "14335" ပုံစံဖြင့် လည်ပတ်နေမှု၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးရွာနေပြည်သူများ ဝင်ငွေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါထူကွားချုံးရွာကို (၁) အစိုးရ၏ဦးဆောင်မှုကို ခံယူခြင်း၊ (၄) အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ကုမ္ပဏီများ၊ လုပ်ငန်းများ၊ လုပ်ငန်းစုများက လာရောက်ရင်းနှီးမြှုပ်နှံပြီး ရွာသူရွာသားများ၏ စုပေါင်းအားဖြင့် ကျေးရွာတိုးတက်အောင် ဆောင်ရွက်ခြင်း၊ (၃) လာရောက်တည်းခိုသူများကို ကောင်းမွန်စွာ ဝန်ဆောင်မှုပေးခြင်း၊ ပြည်သူများ၏ သက်သာချောင်ချိမှုဝန်ဆောင်မှုပေးခြင်း၊ တည်းခိုသည့်အိမ်များအား အိမ်တော်ထိန်းဝန်ဆောင်မှုပေးခြင်း၊ (၃) ရွာတိုးတက်လာချိန်တွင် အဆိုပါကျေးရွာ၊ ကျေးရွာရှိ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကျေးရွာနေပြည်သူများ၏ဝင်ငွေများ တိုးတက်ရရှိပြီး အကျိုးအမြတ်ရရှိခြင်း၊ (၅) ကျေးရွာတိုးတက်လာသည်နှင့်အမျှ ဖွဲ့စည်းလုပ်ဆောင်မှု အားကောင်းလာခြင်း၊ ရွာသူရွာသားများ၏အမြင်များ တိုးတက်လာခြင်း၊ ပတ်ဝန်းကျင် ပိုမိုလှပလာခြင်း၊ လူများပိုမိုစည်ကားလာခြင်း၊ ရွာသူရွာသားများ ပိုမို စီးပွားတိုးတက်ခြင်း ဟူသည့် "14335" ပုံစံဖြင့် လည်ပတ်နေသည့် ကျေးရွာတစ်ခုဖြစ်ကြောင်း သိရသည်။

ထို့နောက် ကျေးရွာစာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လည်ပတ်မှုပုံစံကို ကြည့်ရှုလေ့လာကြပြီး ကမ္ဘာ့အရှည်ဆုံးနံရံဆေးရေးပန်းချီ ဆရာ၏ ပန်းချီအလုပ်ခန်းကို ကြည့်ရှုလေ့လာကာ "ချစ်ကြည်ရေးပန်းချီ"ကို လက်တွေ့အတူရေးဆွဲကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျန်းယိဒေသ ယူနန်ယွမ်ဖန်းဇီဝလုပ်ငန်းစု တိုင်းရင်းဆေးထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက စက်ရုံသမိုင်းကြောင်း၊ သုတေသနပြုလုပ်ငန်းများ၊ စက်ရုံမှထွက်ရှိသည့် ဆေးဝါးနှင့် ထုတ်ကုန်ပစ္စည်းများ၊ အရောင်းရဆုံးဆေးဝါးထုတ်ကုန်များ၊ ဖြန့်ချိမှုအခြေအနေနှင့် နိုင်ငံတော်က ချီးမြှင့်သည့် ဆုတံဆိပ်ရရှိမှုများကို လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ လုပ်ငန်းကို ၂၀၀၂ ခုနှစ်တွင် စတင်ခဲ့ပြီး ကူမင်းမြို့၌ စက်ရုံတည်ထောင်ခဲ့ကာ ၂၀၁၄ ခုနှစ်တွင် ကုန်အမှတ်တံဆိပ်ဖြင့် စက်ရုံထွက်ဆေးဝါးပစ္စည်းများကို ရောင်းချခဲ့ကြောင်း၊ အဆိုပါစက်ရုံထွက် ထုတ်ကုန်များသည် သဘာဝဆေးပင်များကို အခြေခံထုတ်လုပ်ခြင်းဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် ယူနန်ပြည်နယ် ချီကျင့်မြို့သို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ကျူးကျန်းယွမ်ထို ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ကျန်းယိဆန်မုန့်လုပ်ငန်းသို့ ရောက်ရှိကြရာ အလုပ်ရုံပိုင်ရှင်က ဆန်မုန့်ပြုလုပ်ပုံ လုပ်ငန်းစဉ်အဆင့်ဆင့်၊ ရှေးယခင်လက်ထက်က ဆန်မုန့်ပြုလုပ်သည့်လုပ်ငန်းသုံးပစ္စည်းများနှင့် ထုတ်လုပ်သည့် ဆန်မုန့် အမျိုး ၃၀၀ ကျော်ကို ရှင်းလင်းပြသပြီး ဆန်မုန့်များကို လက်တွေ့ ပြုလုပ်ပြသသည်။

ယင်းနောက် ချီလင်ဒေသရှိ ချီလင်ရေပေါ်ဥယျာဉ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ဥယျာဉ်အတွင်း ပန်းပေါင်းစုံနှင့် အပင်ပေါင်းစုံပေါက်ရောက် ရှင်သန်မှု၊ ရာသီအလိုက်အပင်များ စိုက်ပျိုးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားရှိမှုနှင့် အပန်းဖြေလေ့လာစရာနေရာအဖြစ် တည်ဆောက်ထားမှုနှင့် ကုန်းပြင်မြင့်ပေါ်တွင် တည်ရှိသည့် ရေပေါ်ဥယျာဉ်တစ်ခုဖြစ်မှုတို့ကို ရှင်းလင်းတင်ပြပြီး ရေပေါ်ဥယျာဉ်အတွင်း လှည့်လည် ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ရေပေါ်ဥယျာဉ်သည် ဧက ၂၀၀၀ ကျော် ကျယ်ဝန်းပြီး အခြားပန်းမျိုးစုံအပါအဝင် ကြာအမျိုးပေါင်း ၁၃၀ ကျော်နှင့် ပြောင်းဖူးစိုက်ခင်းများ၊ သီးနှံစိုက်ခင်းများ စိုက်ပျိုးထားရှိသည်။ ပန်းဥယျာဉ်အတွင်း လမ်းလျှောက်ခြင်း၊ လှေစီးခြင်း၊ စက်ဘီးနင်းခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များပါရှိပြီး ဘာဂီများဖြင့် လှည့်လည်လေ့လာနိုင်ကာ နေ့စဉ်ခရီးသွားဧည့်သည် အများအပြားလာရောက်ကြောင်း သိရသည်။

ညပိုင်းတွင် ချီကျင့်မြို့ ပါတီဗဟိုကော်မတီအတွင်းရေးမှူး Yang Bin က ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ချီကျင့်မြို့ရှိ Guanfang ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အလားတူ ကိုယ်စားလှယ်အဖွဲ့တွင် ပါရှိသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကအဖွဲ့သည် ကူမင်းမြို့တွင် ကျင်းပရှိပြီး တောင်ပိုင်းဒေသညချမ်းနှင့် ချည် Show ပိုးဖဲ အနီးအနား တဖွဲဖွဲဈေးရောင်းပွဲတော်တွင် ပါဝင်ဖျော်ဖြေတင်ဆက်ကပြခြင်း၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ မြန်မာလက်မှုပညာထုတ်ကုန်ပစ္စည်းများနှင့် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝနှင့် ခရီးစဉ်ဒေသများ၊ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းပြခန်းများကို ဆက်လက်ခင်းကျင်းပြသခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ် ကစားသမား ၂၃ ဦး စာရင်းထုတ်ပြန်



**ရန်ကုန် စက်တင်ဘာ ၇**

မြန်မာ့လက်ရွေးစင်အသင်းသည် စင်ကာပူလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ခြေစမ်းပွဲအတွက် အပြီးသတ် ကစားသမား ၂၃ ဦး စာရင်းထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ် လူစာရင်းတွင် နည်းပြချုပ် ဦးမျိုးလှိုင်ဝင်း ကစားသမားများအဖြစ် ဂိုးသမား-ဇင်ညီညီအောင်၊ ဆန်းဆက်နိုင်၊ နေလင်းထက်၊ နောက်တန်း- ဟိန်းဖြိုးဝင်း၊ အောင်ဝဏ္ဏစိုး၊ ဇွဲခန့်မင်း၊ သက်ဟိန်းစိုး၊ နန္ဒကျော်၊ ဟိန်းဇေယျာလင်း၊ စိုးမိုးကျော်၊ သီဟထက်အောင်၊ အလယ်တန်း- ဝေလင်းအောင်၊ ရန်နိုင်ဦး၊ ငြိမ်းချမ်းအောင်၊ လွင်မိုးအောင်၊ ရဲရင့်အောင်၊ ကျော်မင်းဦး၊ ဟိန်းထက်အောင်၊ မောင်မောင်လွင်၊ သီဟဇော်၊ ရှေ့တန်း - ဝင်းနိုင်ထွန်း၊ ရန်ကျော်ထွေး၊ သန်းပိုင်တို့ ပါဝင်လာကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စင်ကာပူအသင်းနှင့် ခြေစမ်းပွဲအတွက် ဩဂုတ်လ ကုန်ပိုင်းကတည်းက ပြင်ဆင်ခဲ့ပြီး အပြီးသတ် လူစာရင်းတွင် လက်ရွေးစင်အသင်းနှင့် ကင်းကွာနေသည့် ငြိမ်းချမ်းအောင်၊ ရန်နိုင်ဦးနှင့် ရန်ကျော်ထွေးတို့ ပြန်လည်ပါဝင်လာသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲစဉ်ကို လာမည့် စက်တင်ဘာ ၉ ရက်၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် စင်ကာပူနိုင်ငံရှိ ဂျလန်ဘီဆာကွင်း၌ ပရိသတ်မပါဘဲ ကွင်းပိတ် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)

0-0-0-0-0